# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၁၅ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၂၄)


# ပုစွန်၊ ကဏန်းအရှင် တင်ပို့မှု ပို့ဆောင်ရေး ပွင့်လန်းလာပါက ပို့ကုန်ကဏ္ဍ ဦးမော့လာမည်

ရန်ကုန် မေ ၁၄

ပြည်ပဈေးကွက်ရရှိထားသော ပုစွန်၊ ကဏန်းအရှင် ပို့ကုန်မှာ ၂၀၂၀ ပြည့်နှစ် ဧပြီလမှစ၍ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တင်ပို့မှု လျော့ကျခဲ့သော်လည်း လုပ်ငန်းရပ်တန့်ခြင်းမရှိဘဲ လည်ပတ်ခဲ့ရာ ယခုအခါ ပြည်ပလေယာဉ်ခရီးစဉ်များပွင့်လန်းပါက ရေထွက်ပို့ကုန် ကဏ္ဍ ပြန်လည်ဦးမော့လာမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်မှ သားငါးကဏ္ဍ ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးကို အားပေးဖော်ဆောင်လျက်ရှိရာ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း ဒေသတွင်းနိုင်ငံများနှင့်ယှဉ်၍ ပြည်ပ ဈေးကွက်ရရှိရန်ကြိုးပမ်းရာ၌ တရုတ်နိုင်ငံနှင့် ဟောင်ကောင်သို့ ပုစွန် နှင့် ကဏန်းအရှင်ဈေးကွက်ကို နှစ်အနည်းငယ်အတွင်းရရှိခဲ့ရာ နိုင်ငံခြားဝင်ငွေရရှိခဲ့ပြီး ယခု ဈေးကွက် နိုင်ငံသို့ တိုက်ရိုက်တင်ပို့သည့် လေယာဉ်ခရီးစဉ်အခက်အခဲကြောင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုယာယီရပ်ဆိုင်းနေခြင်းဖြစ်သည်။ *စာမျက်နှာ ၄ ကော်လံ ၁* ✳



မြိတ်မြို့ရှိ ပုစွန်မွေးမြူရေးကန်တစ်ခုကို တွေ့ရစဉ်။

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် မေ ၁၄

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံး ဖြစ်သော ကျန်းမာရေးကဏ္ဍ မြှင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေး အဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများ ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ်

*စာမျက်နှာ ၄ ကော်လံ ၄* ❑



**နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေများကို စောင့်ကြည့်လေ့လာသုံးသပ်၍ ဆောင်ရွက်သင့်သည့် အစီအမံများကို ပုံမှန်အကြံပြုတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ**

စာ-၃



**ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံ**

စာ-၄



**အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၄ သန်းကျော်လွန်**

စာ-၁၃



**ပန်းဆိုးတန်း-ဒလ ချယ်ရီကူးတို့ရေယာဉ် ခရီးစဉ်များကို ရုံးဖွင့်ရက်များတွင် ၃၃ ခေါက် ပြေးဆွဲပေး**

စာ-၁၉




# သူမဦးမီ ကိုယ်ကဦးစွာ

ကမ္ဘာ့အဆင့်တွင် မြန်မာဗိုလ်စွဲသောအရာဟူ၍ ရှားရှားပါးပါး တစ်ခုသာရှိသည်။ ယင်းမှာ ကမ္ဘာ့ကွမ်းအစားဆုံးနိုင်ငံ ခြောက်နိုင်ငံအနက် မြန်မာက ဗိုလ်တကာ့ဗိုလ်အဖြစ် နံပါတ်(၁) နေရာ၌ ရှိနေခြင်းပင်ဖြစ်သည်။ တန်းစီဇယားအရဆိုလျှင် မြန်မာက ၅၁ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် ပထမ၊ အိန္ဒိယက ၃၂ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ နီပေါက ၃၁ ဒသမ ၂ ရာခိုင်နှုန်းဖြင့် တတိယ၊ ဘင်္ဂလားဒေ့ရှ်က ၂၆ ဒသမ ၄ ရာခိုင်နှုန်းဖြင့် စတုတ္ထ၊ သီရိလင်္ကာက၂၄ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ပဉ္စမ၊ ထိုင်းက ၁ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဆဋ္ဌမဖြစ်သည်ဟု လွန်ခဲ့သည့် ခြောက်နှစ်ခန့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းတစ်ရပ်တွင် ဖော်ပြခဲ့ပြီး နောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံ၏ ကွမ်းစားသူရာခိုင်နှုန်းမှာ လျော့မသွားဘဲ ဆက်လက်တိုးမြင့်လျက်ရှိကြောင်း သတင်းများတွင် တွေ့ရသည်။

ကွမ်းစားသည့် အလေ့အထသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ရှိခဲ့ခြင်းဖြစ်သည်။ ကွမ်းယာတစ်ယာတွင် သာမန်အားဖြင့် ကွမ်းရွက်၊ ကွမ်းသီး၊ ထုံးနှင့် ဆေးရွက်ကြီးတို့ ပါဝင်ပြီး ကွမ်းစားခြင်းနှင့် ဆေးငုံခြင်းအလေ့အထတို့ကို စွဲစွဲလမ်းလမ်းဖြစ်ကြခြင်းမှာ ဆေးရွက်ကြီးတွင် ပါဝင်သည့်နစ်ကိုတင်းဓာတ်ကြောင့် ဖြစ်သည်။ ကွမ်းယာတွင် ထည့်စားကြသည့် ဆေးရွက်ကြီးကို ဆေးပေါင်း၊ နှပ်ဆေး စသည်ဖြင့် အမျိုးမျိုးပြုပြင်ပြီး ဓာတ်တိုးအောင် ဖန်တီးရောင်းချသည့်အတွက် ပိုမို၍ စွဲလမ်းစွာ စားသုံးနေကြခြင်းလည်း ဖြစ်ကြသည်။ ကွမ်းစားသူအများအပြားက ကွမ်းစားသုံးခြင်းကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသံအိုးကင်ဆာ အပါအဝင် ကင်ဆာရောဂါအများအပြား ဖြစ်နိုင်ခြေရှိကြောင်း ပညာပေးမှုများကို မယုံကြည်ကြ။ တချို့က ကွမ်းစားသူတိုင်းဖြစ်ခြင်းမဟုတ်ဘဲ ကံဆိုးသူတချို့သာဖြစ်ခြင်းဖြစ်သည်ဟု ယုံကြည်နေကြသည်ဟုလည်း စစ်တမ်းများက ဆိုသည်။ ကွမ်းယာတွင်ပါသည့် ဆေးပေါင်းသို့မဟုတ် နှပ်ဆေးတွင် နစ်ကိုတင်းဓာတ်ပါဝင်ရာ ကွမ်းယာကို ဝါးနေချိန်တွင် ဓာတုဒြပ်ပေါင်းများက တံတွေးနှင့် ရောနေပြီး ပါးစောင်၊ အောက်နှုတ်ခမ်း၊ သွားဖုံးကြား အစရှိသော ပါးစပ်ထဲရှိ နေရာများမှ တစ်သျှူးများက စုပ်ယူသွားခြင်းဖြင့် ရေရှည်တွင် ဖော်မယ်ဒီဟိုက်၊ အာဆင်းနစ်၊ ရေဒီယိုသတ္တိကြွ ပိုလိုနီယံ ၂၁၀ စသော ဓာတုဒြပ်ပေါင်းများက ကင်ဆာဖြစ်နိုင်ခြေကို မြှင့်ပေးခြင်းဖြစ်သည်ဟုဆိုသည်။

၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုဥပဒေအရ ပြဋ္ဌာန်းချက်များမှာ အငွေ့ထွက်သော ဆေးရွက်ကြီးသုံးစွဲမှုကို ဦးတည်ထားသည့် အချက်များက အဓိကဖြစ်နေသည်။ ဥပမာအားဖြင့် ကျောင်းပရိဝုဏ်နှင့် ကျောင်းပရိဝုဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်း၊ အသက် ၁၈ နှစ်မပြည့်သေးသူအား ဆေးလိပ်ကို ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်းစသည့် ပြဋ္ဌာန်းချက်များအပါအဝင် ဥပဒေပုဒ်မများတွင် အငွေ့မထွက်သော ဆေးရွက်ကြီး သုံးစွဲမှုပုံစံများဖြစ်သည့် ကွမ်းယာစားခြင်းနှင့် ဆေးငုံခြင်းတို့အတွက် တားဆီးထိန်းချုပ်မှုကို တိုက်ရိုက်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရသည်။ စင်စစ်အားဖြင့် ဆေးလိပ်သောက်ခြင်းကြောင့် အနီးဝန်းကျင်ရှိ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရသူများ ကျန်းမာရေးထိခိုက်နိုင်သည့်အချက်မှလွဲလျှင် ကွမ်းစားခြင်း၊ ဆေးငုံခြင်းကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးပြဿနာသည် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးပြဿနာထက် မလျော့ပါချေ။ ဆေးလိပ်ငွေ့ကြောင့် ဘေးလူ ရောဂါရသကဲ့သို့ပင် ကွမ်းတံတွေးကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ကွမ်းတံတွေးမှ တစ်ဆင့် ကူးစက်ရောဂါများ ပြန့်ပွားနိုင်ဖွယ်ရှိမှု စသည်တို့လည်း ရှိနေသည်။

ဆေးလိပ်သောက်ခြင်းကို ကမ္ဘာအနှံ့တွင် တိုက်ဖျက်လျက်ရှိရာ မြန်မာနိုင်ငံတွင်မူ ဆေးလိပ်သောက်ခြင်းကိုရော ကွမ်းစား/ ဆေးငုံခြင်းကိုပါ တိုက်ဖျက်ရန် လိုအပ်သည်ဟု ယူဆမိသည်။ ယင်းအလေ့အထနှစ်ခုစလုံးသည် နစ်ကိုတင်း စွဲလမ်းမှုဖြစ်ပေါ်သည့် ပုံစံနှစ်မျိုးဖြစ်၍ အတူတူပင်ဖြစ်သည်။ ကျန်းမာရေးပြဿနာမှာလည်း နှစ်မျိုးလုံး အတူတူပင်ဖြစ်ရာ ဆေးလိပ်ဖြစ်စေ၊ ကွမ်းယာဖြစ်စေ၊ နှစ်မျိုးစလုံးကိုဖြစ်စေ စားနေသုံးနေကြသူများ မိမိကိုယ်ကိုယ် ငဲ့ညှာရေး၊ ကင်ဆာ၊ နှလုံးကဲ့သို့သော ရောဂါကြီးများ မိမိကိုယ်မှာ စွဲကပ်မလာရေးအတွက် အချိန်မနှောင်း၊ နှောင်တမရခင် ကြိုတင်ဦးစွာ နှောင်ကြိုးဖြတ်နိုင်ကြပါစေကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက် (၃)

နေ့စွဲ–(၇.၅.၂၀၂၁)

ကိုရိုနာဗိုင်းရပ်စ် (COVID–19) ကပ်ရောဂါသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် အရှိန်အဟုန်ဖြင့်ဆက်လက် ကူးစက်ပြန့်ပွားလျက်ရှိရာ ရောဂါကူးစက်ဖြစ်ပွားသူဦးရေ (၁၅၆.၇) သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ (၃.၂) သန်းကျော်ရှိပြီဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ရောဂါသည် အရှိန်အဟုန်ဖြင့် ကူးစက်ဖြစ်ပွားလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် အောက်ဖော်ပြပါ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **"ကိုရိုနာဗိုင်းရပ်စ် ရောဂါမိမိကစ၍ ကာကွယ်ပါ"** ဟူသည့် ဆောင်ပုဒ်အတိုင်း အားလုံး ကိုယ်စီ မဖြစ်မနေလိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည်–

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့်(၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက် (၆၀) နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/ သွေးတိုး/ နှလုံးစသည့်...နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း ရတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကျောင်းသွားကြမယ်

- ❑ လိမ္မာတဲ့ကလေးလေး ချစ်စရာကွယ် တူညီဝတ်စုံလေးဝတ်မယ်။
- ❑ ပါးကွက်ကြားလေးနဲ့လွယ်အိတ်လွယ် Mask ကလေးတပ်ကာ ကျောင်းသွားမယ်။
- ❑ ဖေဖေမေမေရဲ့အပြုံးပန်းများဝေတယ် စာသင်သွားလို့ ကျောင်းတက်မယ်။
- ❑ ဆရာ ဆရာမ စကားများနားထောင်မယ် အသိပညာရဖို့ရယ်။
- ❑ ချစ်သူငယ်ချင်းများနဲ့တွေ့ရင်ကွယ် ခပ်ခွာခွာနေပြီး နှုတ်ဆက်မယ်။
- ❑ Covid ရန်လည်း ကာကွယ်တယ် စည်းကမ်းလေးနဲ့ကျောင်းတက်မယ်။
- ❑ စာအံသံများလည်း ဖြိုး စည် ကြွယ် ကျောင်းတော်ကြီးမှာရယ်။
- ❑ ပညာဂုဏ်သတင်းများနဲ့ လင်းစေမယ် သားငယ် သမီးငယ်လေးတို့ရယ် ကျောင်းအတူ သွားစို့ကွယ်။ ။

သင်း

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၁၄

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့နှင့် ဘီးလင်းမြို့တို့တွင် ၁ ဒသမ ၀၆ လက်မစီ၊ ကော့ကရိတ်မြို့တွင် ၀ ဒသမ ၉၀ လက်မ၊ ကျောက်တော်မြို့တွင် ၀ ဒသမ ၈၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၆၇ လက်မ၊ ကျိုက်မရောမြို့တွင် ၀ ဒသမ ၆၃ လက်မနှင့် ပလက်ဝမြို့တွင် ၀ ဒသမ ၅၅ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

## ပြည်ပဈေးကွက်များ ရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမွေးမြူရန်လို

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် စီးပွားရေးကျဆင်းလျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် မဖြစ်မနေ ဆောင်ရွက်နေရသည့်လုပ်ငန်းမှာ စားသောက်ကုန်လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အားသာချက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရည်အသွေးပြည့်မီ၍ အထွက်နှုန်းကောင်းမွန်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမွေးမြူရန်လိုကြောင်း၊ စိုက်ပျိုးရေးသီးနှံများ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သုတေသနပြု စီမံဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေများကို စောင့်ကြည့်လေ့လာသုံးသပ်၍ ဆောင်ရွက်သင့်သည့်အစီအမံများကို ပုံမှန်အကြံပြုတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၄

**နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေဖြစ်ပေါ်မှု ကိန်းဂဏန်း၊ အချက်အလက်များကို စောင့်ကြည့်လေ့လာသုံးသပ်၍ ကာလတိုနှင့် ကာလလတ်အတွက် ဆောင်ရွက်မည့်အစီအမံများ အကြံပြုတင်ပြနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းဝေးတစ်ရပ်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။** (အောက်ပုံ)

အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဌာနအကြီးအကဲများ တက်ရောက်ကြသည်။



### ပေါင်းစပ်ဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုအခါ နိုင်ငံတော်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုကို ကာကွယ်ထိန်းချုပ်ကုစားမှုများအရလည်းကောင်း၊ နိုင်ငံရေး ဖြစ်စဉ်များအရလည်းကောင်း၊ နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေများအပေါ် တိုက်ရိုက်သက်ရောက်မှုများ ရှိနေပါကြောင်း၊ မေခရိုစီးပွားရေး ညွှန်ကိန်းများတွင် အဓိကကျသည့် GDP၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ ပို့ကုန်သွင်းကုန်အခြေအနေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးဖောင်းပွမှုနှုန်း၊ စားသုံးသူ ဈေးဆနှုန်းကိန်း၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု၊ ရငွေသုံးငွေနှင့် ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းမှု၊ အခွန် ကောက်ခံရရှိမှု၊ ပြည်တွင်းပြည်ပချေးငွေ၊ ပုဂ္ဂလိက ကဏ္ဍသို့ ချေးငွေထုတ်ချေးမှုနှင့် ပြန်လည်ပေးဆပ်မှုစသည့် ကိန်းဂဏန်း အချက်အလက်များကို အပတ်စဉ်၊ လစဉ် (၃)လပတ်၊ (၆)လပတ်အလိုက် နှိုင်းယှဉ်၍ အကြံပြုသုံးသပ်ချက်၊ ဆောင်ရွက်သင့်သည့် အစီအမံတို့ကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် သုံးသပ်တင်ပြရန်လိုအပ်ကြောင်း၊ ဌာနအသီးသီးက စုစည်းပေါင်းစပ်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

### ဝိုင်းဝန်းဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက နိုင်ငံတော်၏ မေခရိုစီးပွားရေးညွှန်ကိန်းများ စုစည်းရရှိမှု သုံးသပ်တင်ပြမည့် အစီအစဉ်၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခြားဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည့် အစီအမံများနှင့် Myanmar Sustainable Development Plan (MSDP) ပါ အချက်များ၊ COVID-19 Economic Relief Plan (CERP)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေး ဦးတည်ချက်(၃)ရပ်တို့ကို အခြေခံ၍ သုံးသပ်ရန် ကိစ္စရပ်များတို့ကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်သုံးသပ်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် ဒေါက်တာပွင့်ဆန်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နေသည့် စက်ရုံများကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိ စက်မှုဇုန် မဥ္ဇူသကလမ်းရှိ MYANMAR GOLDEN PRODUCE CO., LTD ၏ သစ်သီးဝလံ တန်ဖိုးမြှင့်ထုတ်လုပ်သည့် စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ကြည့်ရှုစစ်ဆေးစဉ် MYANMAR GOLDEN PRODUCE CO., LTD မှ ဒေါ်လဲ့လဲ့ဦးနှင့် တာဝန်ခံတို့က မြန်မာ့စိန်တလုံး သရက်သီးအပါအဝင် သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်လုပ်ကာ ပြည်တွင်း ပြည်ပ ဈေးကွက်သို့ တင်ပို့ဖြန့်ဖြူးမှုနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက စိုက်ပျိုးရေးကို အခြေခံသည့် တန်ဖိုးမြှင့် ထုတ်ကုန် ထုတ်လုပ်ခြင်းများကို အားပေးမြှင့်တင်ရန် လာရောက်ကြည့်ရှုခြင်း ဖြစ်ပါကြောင်း၊ ကုန်ကြမ်းစုဆောင်းမှု၊ ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ ပြည်ပတင်ပို့မှု စသည့်ကဏ္ဍများအလိုက် တွေ့ကြုံနေရသည်များကို ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

### ကြည့်ရှုအားပေး

မြန်မာ့ထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေး၊ ဈေးကွက်ခိုင်မာရေး၊ ဈေးကွက်သစ်များ ရရှိရေးတို့ကို ပြည်ပနိုင်ငံများ၌ ခန့်အပ်တာဝန်ပေးအပ်ထားသည့် စီးပွားရေးသံမှူးများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ရေရှည်တည်တံ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍ၌ သွင်းအားစုများ၊ နည်းပညာများကို ပံ့ပိုးပေးနိုင်မည့် တတိယအဖွဲ့အစည်း ပေါ်ပေါက်လာရေးကိုလည်း အားပေးမြှင့်တင်သွားရမည်ဖြစ်ပါကြောင်း မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကြိမ်အင်းကျေးရွာ မြို့ရှောင်လမ်းရှိ MYANMAR AGRI FOODS CO.,LTD ၏ ဟင်းသီးဟင်းရွက် အခြောက်ခံစက်ရုံသို့ သွားရောက်ပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၁၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (ဓာတ်ပုံ)



**ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာရေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပါပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို ဆွေးနွေးသည်။ ဆက်လက်၍ ပြည်နယ်အတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကဏ္ဍ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အချိန်တိုအတွင်း ရလဒ်ကောင်းများရရှိမည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ နိုင်ငံသားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရေးဌာနများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် ကိစ္စများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဝန်ထမ်းအိမ်ရာသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံကာ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် မေ ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ ဒုတိယနေ့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) ယဉ်ကျေးမှုရတနာခန်းမ နေပြည်တော်၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ယနေ့ ဆက်လက်ကျင်းပသည်။ (ဓာတ်ပုံ)

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ (ငြိမ်း) ဦးခင်အောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်သော ဦးအေးထွန်း၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး(ငြိမ်း) ဒေါ်စန္ဒာခင်၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သတင်းမီဒီယာများ၊ စာတမ်းရှင်များ၊ စိတ်ဝင်စား၍ တက်ရောက်သည့် ပုဂ္ဂိုလ်များနှင့် ဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်သည်။

နံနက်ပိုင်းတွင် စာတမ်းရှင် ဒေါ်ဥမ္မာ(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်ဌာနခွဲ)က "ပုဂံဒေသရှိ အနုလက်ရာဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ချက်များအား လေ့လာတင်ပြချက်စာတမ်း"၊ စာတမ်းရှင် ဒေါ်ဇာဇာလင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ မြောက်ဦးဌာနခွဲ) က "ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခဲ့သည့် အတွေ့အကြုံများအား ရှင်းလင်းတင်ပြခြင်းစာတမ်း"၊ စာတမ်းရှင် ဒေါ်ခင်ဆွေဝင်း (ဦးစီးအရာရှိ၊ မန္တလေးဌာနခွဲ)က "ပင်းယ-အင်းဝ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း နံရံဆေးရေးပန်းချီရှိသော ရှေးဟောင်းအဆောက်အအုံများ၏ မျက်မှောက်အခြေအနေ စစ်ဆေးခြင်းမှတ်တမ်းစာတမ်း" တို့ကို ဖတ်ကြားကြသည်။

**စာတမ်းဖတ်ကြား**

မွန်းလွဲပိုင်းတွင် စာတမ်းရှင် ဒေါ်အိသန္တာ (ဦးစီးအရာရှိ၊ အမျိုးသားပြတိုက်၊ ရန်ကုန်)က ရတနာပုံခေတ်ပြခန်းတွင် ပြသသင့်သော မြို့တည်၊ နန်းတည် သတ္တဌာန ပြယုဂ်စာတမ်း"၊ စာတမ်းရှင် ဒေါ်ဥမ္မာအောင် (အငယ်တန်းအင်ဂျင်နီယာ-၂၊ ပုဂံဌာနခွဲ)က "အိန္ဒိယနိုင်ငံပညာရှင် (ASI) အဖွဲ့နှင့်ပူးပေါင်း၍ ပုဂံ အာနန္ဒာဘုရား ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ချက် သုတေသနစာတမ်း"၊ စာတမ်းရှင် ဦးရဲရင့်ဦး(ဒုတိယဦးစီးမှူး၊ ပုဂံဌာနခွဲ)က "ပုဂံဒေသရှိ ကျောက်ဖြင့် တည်ဆောက်ထားသော ဘုရားအမှတ် (၁၂၃၉) နန်းဘုရားအား ဂျာမနီနိုင်ငံ(Cologne Institute of Conservation Science) အဖွဲ့နှင့် ထိန်းသိမ်းခြင်းလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခဲ့မှု သုတေသနစာတမ်း"နှင့် စာတမ်းရှင် ဒေါ်မှူးစန္ဒြာခင်(ဒုတိယဦးစီးမှူး၊ အမျိုးသားပြတိုက်၊ နေပြည်တော်)က "Safeguarding Measures of Intangible Cultural Heri-tage" စာတမ်းတို့ကို ဖတ်ကြားတင်သွင်းသည်။



**နိဂုံးချုပ်စကား ပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားသည်။

**သတင်းစဉ်**

❋ *ရှေ့ဖုံးမှ*

"ပုစွန်၊ ကဏန်းအရှင်ပို့ကုန်ကဏ္ဍဟာ လေယာဉ်နဲ့ တင်ပို့ရတာဖြစ်တဲ့အတွက် ၂၄ နာရီအတွင်း ရောက်ရှိရမယ့်ပို့ကုန်ဖြစ်ပါတယ်။ ပြည်ပလေယာဉ်ခရီးစဉ်ပြန်စတာနဲ့ လုပ်ငန်းပြန်လည်ပတ်ဖို့အသင့်ပါပဲ။ ကိုဗစ်-၁၉ ပထမလှိုင်းမှာလည်း ဈေးကွက်လည်ပတ်ခဲ့တာဖြစ်တဲ့အတွက် ပို့ဆောင်ရေး အဆင်ပြေတာနဲ့လုပ်ငန်းပြန်စနိုင်ပါပြီ။ လက်ရှိ တရုတ်နိုင်ငံက မြို့ငါးမြို့နဲ့ ဟောင်ကောင်ကို ပို့တယ်။ အရှင်ကနေ့စဉ်ဖြစ်စေ၊ တစ်ရက်ခြားဖြစ်စေ တင်ပို့ပြီးတော့ နောက်ပိုင်း အနည်းငယ်ပဲပို့ရာကနေ လေယာဉ်ခရီးစဉ်တွေ ရပ်သွားတဲ့အခါမှာ လုပ်ငန်းယာယီရပ်သွားတာပါ။ လေကြောင်းလိုင်းပွင့်သွားရင် ရေထွက်ကုန် ပို့ဆောင်ရေး ဦးမော့ပါပြီ"ဟု Super Search Capital(Hong Kong) Co.,Ltdမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဈေးကွက်ရှိရာ နိုင်ငံသို့ပို့ဆောင်**

မြန်မာနိုင်ငံတွင် ရေထွက်ကုန်ကို စားသုံးရာ၌ ရေချိုအရသာကို နှစ်ခြိုက်လက်ခံပြီး ပြည်ပဈေးကွက်တွင် ပင်လယ်စာအစားအစာကို အများဆုံးနှစ်ခြိုက်သောကြောင့် ဈေးကွက်ဝင် ငါးနှင့် ပုစွန်၊ ကဏန်းတို့ကို မြိတ်နှင့်ကော့သောင်းမှ သယ်ဆောင်၍ ရန်ကုန်မှလေယာဉ်ဖြင့် ဈေးကွက်ရှိရာ နိုင်ငံသို့ ပို့ဆောင်ခြင်းဖြစ်ရာ ကားဖြင့်တင်ပို့နိုင်ရန် စမ်းသပ်လုပ်ဆောင်ရာ၌ ရေထွက်ကုန် အသေအပျောက်များသောကြောင့် ပို့ကုန်အရည်အသွေးကျဆင်းမှုအပေါ် ထိုစမ်းသပ်မှုကို ရပ်ဆိုင်းခဲ့သည်။

**ပညာရှင်များခေါ်ယူသင်တန်းပို့ချ**

ထိုသို့ဈေးကွက်သို့တင်ပို့နိုင်ရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ပြည်ပမှရေထွက်ကုန်ပညာရှင်တို့ကိုခေါ်ယူ၍ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်တို့ကို သင်တန်းပို့ချပြီး ငါး၊ ပုစွန်နှင့် ကဏန်းအရှင်တို့ကို တင်ပို့သည်။ ဥရောပနှင့် အာရှရေထွက်ကုန်ပစ္စည်းဈေးကွက်တွင် အင်ဒိုနီးရှားနိုင်ငံက အများဆုံးနေရာယူထားပြီး မြန်မာနိုင်ငံမှ ရေထွက်ကုန်လုပ်ငန်းရှင်များအနေဖြင့် ပုစွန်နှစ်မျိုးနှင့် ကဏန်းအပျော့နှင့်အမာကို တင်ပို့ခြင်းဖြစ်သည်။ **ညိမ်းသူ**

❑ *ရှေ့ဖုံးမှ*

ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၀၃၇၈၄ ဦးနှင့် အတွင်းလူနာပေါင်း ၆၂၄၇၄ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၉၅၀၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၈၃၅ ဦး၊ စုစုပေါင်း ၁၄၃၄၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၄၉၀၇ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၇၂၆၄ ဦးကို သာမန်ဖြင့် လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၂၁၇၁ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော် အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့ပြင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတွင် တက်ရောက်ဆေးကုသမှုခံယူနေသော သံဃာတော်များနှင့် ဒေသခံပြည်သူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်အောင်နှင့်အဖွဲ့ဝင်များက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့်အဖွဲ့ဝင်များကလည်းကောင်း သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်အစည်းအဝေး (၁/၂၀၂၁) သို့ တက်ရောက်

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် အစည်းအဝေး (၁/၂၀၂၁) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ဓာတ်ပုံ)**



အစည်းအဝေးတွင် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၌ စီးပွားရေးလုပ်ငန်းများအပေါ် အကာအကွယ်ပေးနိုင်မည့် ဥပဒေများ အခိုင်အမာဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ်တွင် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးတို့တွင် အထောက်အကူဖြစ်စေနိုင်သကဲ့သို့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း များစွာအထောက်အကူ ဖြစ်စေနိုင်ပါကြောင်း၊ မိမိတို့ ယှဉ်ပြိုင်မှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်မည့် ဆောင်ရွက်ချက်များ ဖြစ်စေရေးကိုလည်း အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကော်မရှင်တွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များပါပါဝင်သည့်အတွက် သက်ဆိုင်ရာ နယ်ပယ်အလိုက် အတွေ့အကြုံများကို ပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ပုံမှန်အစည်းအဝေးကို ကျင်းပရာ (၂/၂၀၂၀) ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လက်ခံရရှိထားသော တိုင်ကြားမှုများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ကော်မရှင်ရုံးတာဝန်ရှိသူက ရှင်းလင်းတင်ပြဆွေးနွေးရာ ကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာ့စီးပွားရေးဘဏ်မှ အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်သည် အများပြည်သူ၏ အပ်နှံငွေများကို လက်ခံထိန်းသိမ်းပေးပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် အစိုးရဌာနများအားလုံး၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပြီး အငြိမ်းစားဝန်ထမ်းများ၏ အငြိမ်းစားလစာများကိုလည်း တာဝန်ယူထုတ်ပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၇) ရက်စွဲဖြင့် “ပြည်သူများအနေဖြင့် လက်ဝယ်ရှိငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ မေလ (၃) ရက်နေ့မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းအသစ်များဖွင့်လှစ်၍ ငွေသားအပ်နှံ ထည့်သွင်းခွင့်ပြုမည်ဖြစ်ပြီး ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်” ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ ပြည်သူများ ဘဏ်စာရင်းအသစ် ဖွင့်လှစ်၍ ငွေသားအပ်နှံမှုလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စေရန် အထူးဝန်ဆောင်မှုအစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၁ ခုနှစ်၊ မေလ (၁၇)ရက် (တနင်္လာနေ့) မှစတင်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည် -

(က) **အထူးဝန်ဆောင်မှု ဆောင်ရွက်ပေးမည့် နေရာ**

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) ပထမထပ်
အမှတ် (၄၃/၄၅)၊ ပန်းဆိုးတန်းလမ်း
ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် - ၀၁- ၃၈၇၅၅၂ ၊ ၀၁-၃၇၉၃၅၁

(ခ) **ဝန်ဆောင်မှုပေးမည့်လုပ်ငန်းများ**

(၁) စာရင်းအသစ်ဖွင့်သူများအတွက် အထူးကောင်တာ သီးခြားဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး စာရင်းအသစ် ဖွင့်လှစ်ပေးခြင်းနှင့် ငွေသားအပ်နှံမှု လက်ခံခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(၂) အဆိုပါစာရင်းအသစ်မှအခြားငွေပေးချေမှုများဖြစ်သည့် စာရင်းပြောင်းနည်းလမ်း၊ ငွေပေးအမိန့်လွှာ၊ ချက်လက်မှတ်များဖြင့် ထုတ်ပေးသည့် နည်းလမ်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ငွေသား ပြန်လည်ထုတ်ယူလိုပါကလည်း အပ်နှံထားသည့် ငွေပမာဏအတွင်း ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပါသည်။

(၃) အဆိုပါ အထူးကောင်တာမှ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲ (၇၆) ဘဏ်သို့ အပြန်အလှန် ငွေလွှဲပေးပို့ခြင်းကို ငွေသားဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(၄) ငွေသားအပ်နှံမှု၊ ထုတ်ယူမှုနှင့် ငွေလွှဲပေးပို့မှုစသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ပညာပြည့်ဝ နှလုံးလှစေ၊ ပညာလည်းတတ် ကိုယ်ကျင့်မြတ်အောင်

# သတိ လက်ယာ၊ ပညာ လက်ဝဲ မှတ်ယူစွဲလော့

စန်းနီလာဝင်း

### ပညာမြင့်မှ လူမျိုးတင့်မည်

ပညာသည် အမှောင်ကိုခွင်းကာ အလင်းကို ဆောင်စေသဖြင့် အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်က "ပညာသမာ အာဘာနတ္ထိ = လောက၌ ပညာနှင့်တူသော အလင်းရောင်မရှိနိုင်" ဟူ၍ လည်းကောင်း၊ "ပညာ နရာနံ ရတနံ= ပညာကား လူတို့၏ ရတနာစစ် ရတနာမှန်ဖြစ်သည်" ဟူ၍ လည်းကောင်း ဟောဖော်ညွှန်ပြထားတော်မူပါသည်။

ယနေ့ မျက်မှောက်ခေတ်သည် "ပညာခေတ်" ( Age of Knowledge) ဖြစ်၍ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းကို သတ်မှတ်တိုင်းတာရာတွင် "လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ဆန္ဒန်းကိန်း"(HDI=Human Development Index) ဖြင့် တိုင်းတာသတ်မှတ် ဖော်ပြလေ့ရှိပါသည်။ ယင်းသို့ တိုင်းတာရာတွင်-

( ၁ ) သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံသားတိုင်း၏ မျှော်မှန်းသက်တမ်း ၊
( ၂ ) သက်ကြီးစာတတ်မြောက်မှု အချိုးအစား ၊
( ၃ ) မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာသင်ကြားမှု အချိုးအစား ၊
( ၄ ) နိုင်ငံသားတစ်ဦးချင်း၏ ဝင်ငွေတို့ ပါဝင်ကြရပါသည်။

### ပညာလည်းတတ် ကိုယ်ကျင့်မြတ်မှ

လူနေမှုအဖွဲ့အစည်းတွင် မည်သည့်ပညာရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ၊ ပညာသင်ကြားရေးနယ်ပယ်၌ "ပညာရှင်"ရော၊ "ပညာသင်"တို့ပါ အစဉ်သဖြင့် ပညာပြည့်ဝ နှလုံးသားလှပအောင် ကြိုးပမ်းကျင့်ကြံ ဆောင်ရွက်ကြဖို့ အထူးလိုအပ်လှပါသည်။ တစ်နည်းဆိုပါလျှင် ပညာနှင့် အသက်မွေးဝမ်းကျောင်းပြုကြသူတိုင်း "ပညာလည်းတတ် အကျင့်မြတ်" ရမည်ကို ဆိုလိုပါသည်။ ထို့ကြောင့် "ပညာသင်" ဘဝတွင်ဖြစ်စေ၊ "ပညာရှင်" ဘဝတွင် ဖြစ်စေ အခါခပ်သိမ်း "သတိကို လက်ယာ၊ ပညာကိုလက်ဝဲ" ပမာလက်ကိုင်ထားကာ ပညာကို ကောင်းစွာအသုံးချသွားကြရမည် ဖြစ်ပါသည်။

ပညာရေးသုတေသီတို့က ၁၉ ရာစုနှစ်ကို "ပထမစက်မှုတော်လှန်ရေးခေတ်" ဟု သတ်မှတ်ထားပြီး ၂၀ ရာစုနှစ်ကို "ဒုတိယ စက်မှုတော်လှန်ရေးခေတ်" ဟု သတ်မှတ်ထားခဲ့ကြသည်။ ယနေ့ မျက်မှောက် ၂၁ ရာစုခေတ်ကို "နည်းပညာခေတ်" သို့မဟုတ် "သတင်းနှင့်ဆက်သွယ်ရေး နည်းပညာခေတ်" (ဝါ) "ပညာခေတ်" ဟု ခေါ်ဝေါ်သတ်မှတ်ထားပါသည်။

ပညာသည်ကား လူသားအားလုံး၏ ရတနာစစ် ရတနာမှန်ဖြစ်သော်လည်း မိမိတတ်မြောက်ထားသော အသိပညာ၊ အတတ်ပညာဖြင့် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူ့အဖွဲ့အစည်းအတွက် မကောင်းမှု အကုသိုလ် ဒုစရိုက်မဖြစ်ဖို့ အရေးကြီးလှပါ၏။ ပညာသည် မွန်မြတ်သော်လည်း နှလုံးသွင်းမှု စိတ်ဓာတ်မကောင်းပါက ထိုပညာသည် အဟောသိကံ အချည်းနှီးဖြစ်ရတော့သည်။

သာဓကအားဖြင့် ဆိုကြပါစို့၊ ဆေးပညာအတတ်မှာ အလွန်မွန်မြတ်လှပါသည်။ သို့တစေ ဆေးဆရာ သို့မဟုတ် ဆရာဝန်၏ စိတ်ထားမကောင်းပါလျှင် သို့မဟုတ် "ယောနိသော မနသီကာရ" ဟူသော ကောင်းသောစိတ်ထား မထားနိုင်ပါလျှင် ရောဂါဝေဒနာရှင် လူနာများ၊ လူမမာများ ဒုက္ခရောက်ရုံသာ ရှိတော့သည်။

ထိုသာဓကကဲ့သို့ပင် သိပ္ပံပညာရှင်ကြီးများသည် လူ့လောကနှင့် လူသားတို့အတွက် အကျိုးပြုရန် အလို့ငှာ "အဏုမြူဓာတ်"ကို ရှာဖွေဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ ၁၉ ရာစုအကုန်တွင် ဂျာမန် ရူပဗေဒ သိပ္ပံပညာရှင် "ရွန်ဂျင်" ၏ "အိတ်ဇ်ရေး" ရောင်ခြည် စတင်တွေ့ရှိချက်နှင့် ပြင်သစ်သိပ္ပံပညာရှင် "ဘက်ကာရဲလ်"၏ ရေဒီယိုသတ္တိကြွခြင်း တွေ့ရှိချက်တို့သည် ခေတ်သစ်ရူပဗေဒပညာရပ်ကို အစပျိုးပေးခဲ့သည်။

၁၉၀၅ ခုနှစ်တွင် "အဲလ်ဘတ်အိုင်စတိုင်း" ၏ ဒြပ်တစ်ခုအတွင်း၌ အလွန်ကြီးမားသော စွမ်းအင်ရှိကြောင်း တွေ့ရှိချက်၊ ၁၉၁၁ ခုနှစ်တွင် သိပ္ပံပညာရှင် "ရူသာဖို" က အဏုမြူ၏ အတွင်းကျသောအပိုင်းကို လေ့လာခဲ့ရာ နျူကလီးယားပါရှိကြောင်း တွေ့ရှိချက်၊ ၁၉၃၃ ခုနှစ်တွင် အင်္ဂလိပ် ဓာတုပညာရှင် "ဖရန့်ဆစ်အက်စတန်" က ဓာတုဂုဏ်သတ္တိများတူညီ၍ အဏုမြူအလေးချိန် ကွဲပြားသော ဒြပ်စင်များဖြစ်သည့် "အိုင်ဆိုတုပ်"များ တည်ရှိကြောင်း သက်သေပြနိုင်ချက်၊ ၁၉၄၀ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ဓာတုဗေဒပညာရှင်များဖြစ်ကြသည့် "ဂလင်းအီဘော့" နှင့် "မက်မီလန်" တို့၏ ပလူတိုနီယံကို ရှာဖွေတွေ့ရှိချက် စသည်တို့က ကမ္ဘာကြီးအား နျူကလီးယားခေတ်သို့ ရောက်ရှိလာအောင် လမ်းဖွင့်ပေးခဲ့သည်။

သို့ရာတွင် ထိုအဏုမြူဓာတ်ကို အဏုမြူဗုံးအဖြစ်ပြုလုပ်ပြီး ၁၉၄၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးမက္ကဆီကိုပြည်နယ်ရှိ "ဘလာမိုဂေါ်ဒို" သဲကန္တာရ၌ ပထမဦးဆုံး စတင်စမ်းသပ်ဖောက်ခွဲ လိုက်သောအခါ အဏုမြူကို စတင်ဖော်ထုတ်ခဲ့ကြသော သိပ္ပံပညာရှင်ကြီးများဖြစ်ကြသည့် "ရွန်ဂျင်"၊ "ဘတ်ကာရဲလ်"၊ "အဲယ်ဘတ်အိုင်စတိုင်း"၊ "ဖရန့်စစ် အက်စတန်" တို့မှာ စိတ်ဒုက္ခရောက်ခဲ့ကြရှာသည်။ သည့်ထက်အဆိုးရွားလှဆုံးဖြစ်သည့် လုပ်ရပ်မှာ အမေရိကန်ပြည်ထောင်စု၏ ၃၃ ဦးမြောက်သမ္မတဖြစ်သူ "ဟာရီ အက်စထရူးမင်း"က ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့နှင့် ၉ ရက်နေ့များတွင် ဂျပန်နိုင်ငံရှိ "ဟီးရိုးရှီးမား" မြို့နှင့် "နဂါဆကီး" မြို့များပေါ်သို့ အဏုမြူဗုံးတစ်လုံးစီကို ကြဲချလိုက်သောအခါ အဏုမြူကို စတင်ရှာဖွေဖော်ထုတ်ခဲ့ကြသည့် သိပ္ပံပညာရှင်ကြီးများမှာ ယူကျုံးမရဖြစ်ကာ စိတ်သောက ပင်လယ်ဝေခဲ့ကြရရှာသည်။

အဏုမြူကို စတင်ဖော်ထုတ်ခဲ့ကြသည့် သိပ္ပံပညာရှင်ကြီးများ၏ မူလရည်ရွယ်ချက်မှာ " အဏုမြူစွမ်းအင်"ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက်လည်းကောင်း၊ ရေငန်မှ ရေချိုချက်လုပ်ရာတွင်လည်းကောင်း၊ အဏုမြူစွမ်းအင်ကို ရရှိစေနိုင်သော ရေဒီယိုအိုင်ဆိုတုပ်များကို ဆေးဝါးကုသရေးလုပ်ငန်း၊ ရောဂါရှာဖွေရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ မိုးလေဝသနှင့် အာကာသသုတေသနလုပ်ငန်းများတွင်လည်းကောင်း တွင်ကျယ်စွာအသုံးပြုနိုင်ရန်ပင်ဖြစ်ပါသည်။ သို့တစေ နျူကလီးယားနည်းပညာကို ကမ္ဘာဖျက်လက်နက် ထုတ်လုပ်ရေးလုပ်ငန်း၌ အသုံးချလိုက်သောအခါ စတင်တီထွင် ဖော်ထုတ်ခဲ့ကြသည့် နျူကလီးယား သိပ္ပံပညာရှင်ကြီးများမှာ ရင်ထုမနာဖြစ်ခဲ့ကြရသည်။ ဤသည်မှာ အတတ်ပညာကို တလွဲအသုံးချလိုက်သည့် လက်တွေ့သာဓက ဖြစ်ရပ်ဆိုးကြီးပင် ဖြစ်ပါသည်။

**✪ အသိပညာ၊ အတတ်ပညာနှင့် စပ်လျဉ်း၍ "သဒ္ဓါ" လွန်လျှင် ကွန့်တတ်သည်၊ "ပညာ" လွန်လျှင် ဆွံ့တတ် သည်၊ "ဝီရိယ" လွန်လျှင် ပျံ့တတ်သည်၊ "သမာဓိ" လွန်လျှင် တွန့်တတ်သည်၊ "သတိ တရား"သည်သာလျှင် လွန်သည်မရှိဟု လောကနီတိ ပညာရှိကြီးများက သွန်သင်ဆုံးမ လမ်းညွှန်ထားကြပါသည်။ ထို့ကြောင့် "ပညာ" ဟူသည် သိရုံသက်သက်သာမဟုတ်၊ တတ်ရုံသက်သက်သာ မဟုတ် ကိုယ်ကျင့်တရား ကောင်းမွန်အောင် အားထုတ်သူလည်းဖြစ်ရန်လို**

### ပညာသင် ပညာရှင်မှ ပညာရှိသို့

မိမိသင်ယူတတ်မြောက်ထားသော အတတ်ပညာသည် တန်ဖိုးမဖြတ်နိုင်စေကာမူ လူသားနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးမပြုပါက ထိုအတတ်ပညာသည် တန်ဖိုးမရှိနိုင်တော့ပါ။ ထို့ကြောင့် အသိပညာနှင့် အတတ်ပညာတို့ကို ကောင်းမွန်စွာ အသုံးချနိုင်ရေးနှင့် စပ်လျဉ်း၍ "အဠကထာကျမ်း" တွင် "ယံပရူပရောစရဟိတံ အကုသလစိတ္တိတံ= တစ်ပါးသူကို အနှောင့်အယှက်ပေးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဒုက္ခပေးခြင်းတို့နှင့် ကင်းရှင်းပြီး အကုသိုလ်လွတ်ကင်းမှသာ ထိုအသိပညာ အတတ်ပညာတို့သည် မင်္ဂလာဖြစ်၏" ဟု ဖွင့်ဆိုထားခြင်းဖြစ်ပါသည်။

အစိုးရ၏ မှန်ကန်တရားမျှတသော အမိန့်အာဏာများကို ဖီလာဆန့်ကျင်လျက် နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားကို ထိပါးနှောင့်ယှက်ဖျက်ဆီးကြသည့် CDM လုပ်ရပ်များသည် အကုသိုလ်ဒုစရိုက်လုပ်ငန်းသက်သက်သာဖြစ်ပြီး အမိုက်မှောင်နေသော ပညာရှင်ဝန်ထမ်းအချို့၏ ဖောက်ပြန်ယုတ်မာမှုများပင် ဖြစ်ကြသည်။

အသိပညာ၊ အတတ်ပညာနှင့် စပ်လျဉ်း၍ "သဒ္ဓါ" လွန်လျှင် ကွန့်တတ်သည်၊ "ပညာ" လွန်လျှင် ဆွံ့တတ်သည်၊ "ဝီရိယ" လွန်လျှင် ပျံ့တတ်သည်၊ "သမာဓိ" လွန်လျှင် တွန့်တတ်သည်၊ "သတိတရား"သည်သာလျှင် လွန်သည်မရှိဟု လောကနီတိပညာရှိကြီးများက သွန်သင်ဆုံးမ လမ်းညွှန်ထားကြပါသည်။ ထို့ကြောင့် "ပညာ" ဟူသည် သိရုံသက်သက်သာ မဟုတ်၊ တတ်ရုံသက်သက်သာ မဟုတ် ကိုယ်ကျင့်တရား ကောင်းမွန်အောင် အားထုတ်သူလည်း ဖြစ်ရန်လိုပါသည်။ "ဝိဇ္ဇာ သိပ္ပံ" အသိပညာအတတ်ပညာတို့၏ နောက်တွင် "စရဏ" ဟူသော ကိုယ်ကျင့်စာရိတ္တ ကောင်းမွန်မှသာ ပညာရှိပီသနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ အနန္တကျေးဇူးရှင် မြတ်ဗုဒ္ဓသခင်၏ မင်္ဂလသုတ်ပရိတ်တော်တွင် "ဗာဟုသစ္စဉ္စ သိပ္ပဉ္စ ဝိနယောစ သုသိက္ခိတော = ဗဟုသုတ ကြွယ်ဝခြင်း၊ အသိပညာ အတတ်ပညာတတ်မြောက်ခြင်း၊ ကိုယ်ကျင့် သိက္ခာ သီလတရားရှိခြင်း" တို့ကို တစ်ဆက်တစ်စပ်တည်း ပေါင်းစည်းဟောကြားထားတော်မူခဲ့ခြင်းပင် ဖြစ်ပါသည်။

ထို့ပြင် မြတ်ဗုဒ္ဓ၏ "အန္ဓသုတ် ဒေသနာတော်" တွင် "လူနေမှုလောကကြီး၌ (၁) အန္ဓ= မျက်လုံးနှစ်ဖက်စလုံး စုံကန်းခြင်း၊ (၂) ဧကစက္ခု = မျက်လုံးတစ်ဖက်သာမြင်ခြင်း၊ (၃) ဒွိစက္ခု = မျက်လုံးနှစ်ဖက်စလုံးမြင်ခြင်းဟူ၍ သုံးမျိုးရှိကြောင်း၊ (၁) လောကအကျိုးရော တမလွန်လောကအကျိုးနှစ်မျိုးစလုံးကို မသိမမြင်နားမလည်ကြသူများကို " အန္ဓ" ဟုခေါ်ကြောင်း၊ (၂) လောကမျက်မှောက် ပစ္စုပ္ပန်အကျိုးကိုသာ ကြည့်မြင်ကြသူများမှာ "ဧကစက္ခု" ခေါ်တစ်ဖက်မြင်သမားများသာဖြစ်ကြောင်း၊ (၃) လောကအကျိုး၊ သံသရာအကျိုး နှစ်မျိုးစလုံးကို သိမြင်နားလည်ကြသူများသာလျှင် "ဒွိစက္ခု"ခေါ် နှစ်ဖက်မြင်သမားများဖြစ်ကြောင်း၊ သို့ဖြစ်၍ အသိပညာရှင်၊ အတတ်ပညာရှင် မှန်သမျှတို့သည် တစ်ဖက်မြင်မဟုတ်ဘဲ နှစ်ဖက်မြင်ဖြစ်အောင် အသိပညာနှင့် အတတ်ပညာရပ်များကို ကိုယ်ကျင့်စရဏ သီလတရားနှင့်ပေါင်းစပ်ကျင့်သုံးဆောင်ရွက်နိုင်ကြမှ လူ့ဘောင်လောကကြီးအတွက် အားထားကြရမည့် အသိပညာရှင်ကောင်း၊ အတတ်ပညာရှင်ကောင်း ပညာရှိသူတော်ကောင်းများဖြစ်ကြောင်း" စသည်ဖြင့် ဟောပြောညွှန်ပြ ဆုံးမတော်မူခဲ့ပါသည်။ (ဤနေရာတွင် စပ်လျဉ်း၍ ပညာသင်မောင်မယ်များ၊ အသိပညာရှင် အတတ်ပညာရှင်များအနေဖြင့် တစ်ဘဝစာ တစ်နပ်စာကိုသာမကြည့်ဘဲ လောကအကျိုး၊ သံသရာအကျိုးကို သိရှိနားလည်သဘောပေါက်ကာ လူ့ဘဝတွင် "ဘဝတန်ဖိုး" ရှိအောင် နေထိုင်ကျင့်ကြံဆောင်ရွက်နိုင်အောင် ရည်ရွယ်ဟောကြားတော်မူခဲ့သည့် ကျေးဇူးရှင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (သပိတ်အိုင် သဲကုန်းဆရာတော် အရှင်ဉာဏိဿရ ဘွဲ့အမည်တော်ဖြင့် ဟောကြားတော်မူခဲ့စဉ်က) ၏ "ဘဝတန်ဖိုး" အမည်ရှိ တရားထူး တရားမြတ်ဒေသနာတော်ကို နာဖြစ်အောင် နာကြားစေလိုပါသည်။

*စာမျက်နှာ ၇ သို့*

# ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာပါက ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်

**နေပြည်တော် မေ ၁၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းက မြိတ်မြို့ ပုလဲသန္တာဟိုတယ် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြိတ်ခရိုင် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များ အသင်းနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ကျော်အနက် မူလသဘာဝ အတိုင်းတည်ရှိနေဆဲ ကျွန်းများနှင့် ပျောက်ကွယ်လုနီးပါးဖြစ်လာသည့် ပင်လယ်ပျော် မော်ကင်း (ဆလုံ) လူမျိုးစုများ ရှိခြင်းကြောင့် ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှု မြင့်တက်လျက်ရှိသည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် ကဏ္ဍပေါင်းစုံနှင့် ဆက်စပ်လုပ်ကိုင်ရသော လုပ်ငန်းဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာပါက ဒေသခံများ အလုပ်အကိုင်ရရှိပြီး အလွှာပေါင်းစုံမှ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း၊ ထိုသို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိကလုပ်ငန်းရှင် သုံးဦးသုံးဖလှယ် တက်ညီလက်ညီ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မြိတ်ခရိုင်ဒေသအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပတ်သက်၍ တက်ရောက်လာသူများက ဆွေးနွေးတင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဟိုတယ်ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ရေး ညှိနှိုင်းဆောင်ရွက် ပေးမှု၊ Hotel Guest List Management System ဆောင်ရွက်ထားရှိမှုနှင့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေးဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးရေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကော့သောင်းမြို့ Victoria Cliff ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ကော့သောင်းခရိုင် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဧည့်လမ်းညွှန်အသင်းတို့မှ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကော့သောင်းခရိုင်အတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်နှင့် တွေ့ဆုံ၍ ရတနာကျွန်းရှိ Victoria Entertainment Resort အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းမြင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

ယင်းနောက် ရတနာကျွန်းရှိ Victoria Entertainment Resort ပြုပြင်မွမ်းမံ ဆောင်ရွက်ထားရှိမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုခံစားနိုင်**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့နယ် သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် ၁၂၅ ပေ အထက်တွင် တည်ရှိပြီး သာယာလှပသော ပင်လယ်ပြင်ရှိ ကျွန်းများနှင့် ရေအောက် သဘာဝအလှအပများကို ကြည့်ရှုခံစားနိုင်သဖြင့် ခရီးသွား ဧည့်သည်များ လာရောက် လည်ပတ်လျက်ရှိသည့်ခရီးစဉ်ဒေသတစ်ခု ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ပြလမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေ

**တောင်ငူ မေ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် တောင်ငူမြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ လမ်းတံတားနှင့် ရေနုတ်မြောင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **(ဝဲပုံ)**

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများအား ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**၀၄၈**

*စာမျက်နှာ ၆ မှ*

သို့သော်အခါ လူ့ဘဝတွင် မည်သို့မည်ပုံ တန်ဖိုးရှိရှိ နေထိုင်ကျင့်ကြံ နေထိုင်ဆောင်ရွက်ရမည်ကို ထင်လင်းအမြင်ရှင်းစွာ သိရှိနားလည်သွားမည်ဟု ဆွေသဟာအပေါင်းအား စေတနာကောင်းဖြင့် ဓမ္မလက်ဆောင်ပါးခြင်း ဖြစ်ပါသည်။(စာရေးသူ)

**တက္ကသီလာကျောင်းတော်မဟာ သို့မဟုတ် ပညာ့ဗိမာန်အောင်မြေမှန်**

အဆင့်မြင့်ပညာရေးလောကကို ကိုယ်စားပြုကာ ဘူမိနက်သန် အောင်မြေမှန်လှသည့် တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ပညာသင်မောင်မယ်များအဖို့ ပညာဘဏ္ဍာတိုက်ကြီး၏ အရိပ်အာဝါသအောက်တွင် နွေးထွေးစွာ ခိုလှုံကြရတော့မည် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံတွင် စာသင်ကျောင်းများ ဖွင့်နိုင်လေလေ အကျဉ်းထောင်တံခါးများ ပိတ်သွားလေလေဟူသော ဆိုစကားကဲ့သို့ စာသင်ကျောင်းများသည် အနာဂတ်သမိုင်း၏ ဖန်တီးရှင် ဗိသုကာလောင်းများဖြစ်ကြသည့် လူငယ် လူရွယ်များကို လူကောင်း လူတော်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရာ ဘူမိနက်သန် အောင်မြေမှန်သည့် နေရာဌာနပင်ဖြစ်ပါသည်။

ပျိုမြစ်နုနယ် ဆယ်ကျော်သက်ရွယ် ပညာသင်လူငယ်မောင်မယ်တို့သည် အတုမြင် အတတ်သင်ကာ အရာရာတွင် တိမ်းလွယ် ယိမ်းလွယ်၊ ယိုင်လွယ်၊ ညွတ်လွယ် ဖြစ်တတ်ကြသည်။ ပုံစံသွင်းလျှင်လည်း ဖော့ဖယောင်းပမာ ပျော့ပျောင်းလှသည်။ ရေသည် ထည့်သည့် ပုံစံခွက်အမျိုးမျိုးပေါ်တွင် တည်ရှိ၍ ပြောင်းလဲတတ်သည့်နှယ် လှိုင်းပေါ်တွင်ရှိသော လှေပမာ အရာရာတွင် လူးလွန့်တိမ်းညွတ်ယိမ်းယိုင်သည့် သဘောသဘာဝရှိပါသည်။ ထိုအရွယ်တွင် တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး ဟူသော စကားကဲ့သို့ မကောင်းသော ပတ်ဝန်းကျင်၏ ရိုက်ခတ်လွှမ်းမိုးမှုဒဏ်ကို ကြံ့ကြံ့ခိုင်စွာ တွန်းလှန်နိုင်ဖို့ အရေးကြီးလှပါသည်။

အဖြူ၏ ပင်ကိုသဘာဝကား သန့်ရှင်းပါသည်။ စင်ကြယ်လှပါသည်။ သို့တစေ အဖြူကို အရောင် အမျိုးမျိုးဖြင့် ခြယ်လှယ်စိုးမိုးလိုက်သောအခါ အဖြူ၏ မူလဓာတ်သဘာဝသည် အလိုအလျောက် ပျက်ပြယ်သွားပါတော့သည်။ ပြည်ပမှ ကိုလိုနီနယ်ချဲ့လက်သစ်များ (Neo-Colonialists) ၏ အထောက်အပံ့များကိုရယူကာ အမျိုးသားသစ္စာဖောက် ပုဆိန်ရိုး အဖျက်သမားများ၊ သူခိုးဓားရိုးကမ်းလိုသည့် အနောက်ကိုမျှော်ကာ သြဇာခံနေကြသော အမျိုးသားသစ္စာဖောက်များ၊ NLD အစွန်းရောက်များ၊ ပြည်ပသြဇာနှင့် အထောက်အပံ့ခံခါတော်မီ နိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များ တရားမဝင်ဖွဲ့စည်းထားသည့် "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (Committee Representing Pyidaungsu Hluttaw – CRPH) ဟူသော "ပြည်ပြေးလွှတ်တော်ကော်မတီ" နှင့် ထိုကော်မတီက ဖွဲ့စည်းထားသည့် "အမျိုးသား ညီညွတ်ရေး အစိုးရအဖွဲ့" (National Unity Government– NUG) ဟူသော "ပြည်ပြေးစင်ပြိုင် အစိုးရအဖွဲ့" (Unlawful parallel government ) တို့အား "မတရားအသင်း" နှင့် "မတရား အသင်းဝင်များ" (Illegal association and Illegitimate association members ) အဖြစ် သတ်မှတ်ကြေညာပြီး တရားစွဲဆိုထားပါလျက်နှင့် အသိခေါက်ခက် အဝင်နက်ကာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့ အလုံးစုံ ပျက်စီးရာ ပျက်စီးကြောင်းကို ဦးတည်၍ အကြမ်းဖက် အဖျက်နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်ကို တွေ့မြင် ကြားသိနေရပါသည်။

နိုင်ငံရေး မသမာသူများသည် တာဝန်သိသိ သစ္စာရှိရှိဖြင့် ရိုးသားဖြူစင်စွာ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကိုလည်း နိုင်ငံတော်၏ အမိန့်အာဏာများကို ဆန့်ကျင်စေပြီး နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားပျက်ပြားအောင် မက်လုံးအမျိုးမျိုးပေး၍ CDM ပြုလုပ်ရန် "ရုံးမတက်နှင့် ရုံးထွက်ကြ" ဟူသော အဖျက်မှိုင်းဆောင်ပုဒ်ဖြင့် သပ်လျှိုသွေးထိုး လှုံ့ဆော်လျက်ရှိကြသည်။

ယခုလည်းကျောင်းများဖွင့်လှစ်သင်ကြားချိန်နီးလာသဖြင့် ထိုနိုင်ငံရေးမသမာသူများကပင် "ကျောင်းမတက်နှင့် ကျောင်းပျက်ကြ" ဟူသော အဖျက်မှိုင်းဆောင်ပုဒ်ဖြင့် သားသမီးအရွယ်၊ မြေးအရွယ် ပညာသင်မောင်မယ်များအား ပျက်စီးဆုံးရှုံးရာလမ်းကြောင်းသို့ တွန်းပို့လှုံ့ဆော်နေကြသည်ကို စိတ်မချမ်းမြေ့စွာ ကြားသိနေရသည်။ သားသမီးချင်း ကိုယ်ချင်းမစာနာတတ်ကြရှာသလား သို့မဟုတ် မိမိတို့၏ သားသမီးများ၊ မြေးများသည် ကျောင်းသူ ကျောင်းသား မဟုတ်သောကြောင့်လားမသိ၊ မပျက်စီးပျက်စီးအောင် ဖျက်ဆီးနေကြသည့် နောက်ကွယ်မှ ကြိုးကိုင်နေကြသော လူယုတ်မာများအား ဖော်ထုတ်၍ "ဘယ်သူမပြု မိမိမှု၊ ကိုယ်ပြုသည့်ကံ ကိုယ်သာခံ" ဟူသော တရားဥပဒေမှ ပေးအပ်သည့် ပြစ်ဒဏ်များကို ခံယူစေရပါမည်။

အချုပ်ဆိုရပါလျှင် ယနေ့ပစ္စုပ္ပန် အခါကာလသည် ကမ္ဘာ့နိုင်ငံအများစုက မိမိတို့၏ နိုင်ငံများကို "အသိပညာ အခြေပြုလူ့အဖွဲ့အစည်း" ဖြစ်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဖော်ဆောင်နေချိန် ဖြစ်ပါသည်။ "ပညာရေး"ဟူသော ဝေါဟာရအနက်အဓိပ္ပာယ်ကို အနှစ်ချုပ်ဖွင့်ဆိုရပါလျှင် "လူငယ်လူရွယ်မောင်မယ်တို့က လူကြီးများ၏ နေရာတွင် ဆက်ခံနိုင်စေရန်အတွက် လူမှုဘဝပတ်ဝန်းကျင်နှင့် လိုအပ်သလိုညှိနှိုင်းယူပြီး လူ့ဘောင်အဖွဲ့အစည်းတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်သူများဖြစ်လာကြစေရန် လူကြီးမိဘ ဆရာသမားများက လေ့ကျင့်သင်ကြား ပျိုးထောင်ပေးခြင်းဖြစ်သည်" ဟူ၍ အဓိပ္ပာယ်ရရှိပါသည်။

အင်္ဂလိပ်ဘာသာအားဖြင့် "Education" ဟူသော ဝေါဟာရကို "ပညာရေး"ဟု အနှစ်ချုပ်အဓိပ္ပာယ်ဖွင့်ဆိုထားရာ ဤဝေါဟာရ၏ မူရင်းမှာ လက်တင်ဘာသာမှ ဆင်းသက်လာသည့် ဝေါဟာရဖြစ်ပြီး "ဖော်ထုတ်ရယူခြင်း"ဟု အဓိပ္ပာယ်ရရှိပါသည်။ ယင်းသမို့ကြောင့် မည်သည့် ပညာရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ပညာရေးနယ်ပယ်၌ "ပညာရှင်" ရော "ပညာသင်"တို့ပါ အစဉ်သဖြင့် "ပညာပြည့်ဝ နှလုံးလှ"အောင် ကြိုးပမ်းကျင့်ကြံ ဆောင်ရွက်ကြရမည်ဖြစ်သလို "ပညာလည်းတတ် ကိုယ်ကျင့်မြတ်အောင်" "သတိကိုလက်ယာ၊ ပညာကိုလက်ဝဲ" ပမာ လက်ကိုင်ထား၍ ကျင့်သုံးဖော်ဆောင်နိုင်ကြပါစေဟု အရေးထားလေးစားစွာဖြင့် ရေးသားဆန္ဒပြုအပ်ပါသည်။ ။

# ကိုယ့်အယူဟာ ကိုယ့်အပူ ကိုယ့်အစွဲဟာ ကိုယ့်ငရဲ

## စာချစ်သူ

**ပါလီမန်ဒီမိုကရေစီစနစ်တွင် ထုံးတမ်းစဉ်လာတစ်ရပ်ကဲ့သို့ ဖြစ်နေသော ပျော့ကွက် ဟာကွက်တစ်ခု ရှိပေသည်။ အထူးသဖြင့် တိုင်းသူ ပြည်သားများ၏ အသိဉာဏ်ပညာနှင့် လူနေမှုအဆင့်အတန်း နိမ့်ကျသော ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးသည့် တိုင်းပြည်များတွင် ယင်းအဖြစ်မျိုးကို ပိုမိုတွေ့ကြုံရလေ့ရှိသည်။**

ထိုအချက်ကား တစ်ပါတီနှင့် တစ်ပါတီယှဉ်ပြိုင်မဲဆွယ်ရာမှ မထိန်းနိုင်၊ မသိမ်းနိုင် ဖြစ်ကြပြီး ခြေလွန်လက်လွန်ဖြစ်ကာ အကြမ်းဖက်မှုများ ဖြစ်ပွားခြင်းပင်တည်း။

❑ ဈေးသည်က စားသုံးသူကို ပရော်ဖက်ရှင်နယ် ပီသစွာ ဆွဲဆောင်ဖိတ်ခေါ် ရောင်းဝယ်ဖောက်ကားကြရမည့်အစား အချို့က နိုင်ငံရေးအကြောင်းသာ တွေးနေသည်။ နိုင်ငံရေးအသွေးအရောင်အပေါ် ခွဲခြမ်းစိတ်ဖြာနေသည်။ ဆိုက်ကားသမားက အချိန်အခါမဟုတ် နွှေမိုး ဆောင်း ဥတုသုံးလီ ပါတီအလံတလူလူနှင့် ဝမ်းစာ ရှာဖွေသည်။ တက္ကစီယာဉ်မောင်း အချို့ကလည်း ပါတီအလံတလူလူနှင့် လမ်းမအလယ်ရပ်ပြီး ခရီးသည်တင်သည်

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးစ ဆယ်စုနှစ်ကာလအတွင်း ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော မြန်မာနိုင်ငံသည်လည်း ထိုသို့သော ပဋိပက္ခများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရဖူးသည်။

ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့် ဂိုဏ်းဂဏစိတ် အစွဲအလမ်းကြီးမားမှုကြောင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌လည်း အက်ကွဲမှုများစွာ ဖြစ်ပေါ်ခဲ့ရလေသည်။ တည်မြဲနှင့် သန့်ရှင်း ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲလေသောအခါ ဝိရောဓိများက ပို၍များလာသည်။ တစ်ဖက်နှင့်တစ်ဖက် ထောက်ခံသူအချင်းချင်း ကွဲကြ ပြဲကြသည်။ မခေါ်နိုင်၊ မပြောနိုင် ဖြစ်ကြသည်။ သူ့လူ ကိုယ့်လူ၊ သူ့ဘက် ကိုယ့်ဘက် သံသယစိတ် အမြင်တွေကြောင့် မိတ်ဆွေအချင်းချင်း၊ ဆွေမျိုးသားချင်း အချင်းချင်းကြား မေတ္တာတွေပျက်ကြရသည်။ ယုတ်စွအဆုံး မိဘမောင်ဖွား မိသားစုအချင်းချင်းပင် မျက်နှာချင်းဆိုင် ထမင်းလက်ဆုံမစားနိုင်လောက်အောင် စိတ်ဝမ်းတွေကွဲကြသည်။

### အစွဲအလမ်းများက လျော့နည်းမသွား

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တစ်ကျော့ပြန် ပြန်လည်ကျင်းပခဲ့သော ပြီးခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲများနှင့် ထိုရွေးကောက်ပွဲရလဒ်များအရ ပေါ်ပေါက်လာခဲ့သော အစိုးရသက်တမ်းနှစ်ဆက်ကာလတွင်လည်း မြန်မာတို့၏ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ အစွဲအလမ်းများက လျော့နည်းမသွားခဲ့ပါချေ။

ရွေးကောက်ပွဲကာလ၊ ကြိုတင်မဲဆွယ်ကြရမည့်ကာလများတွင်သာ ထားရှိရမည့် မိမိ၏ဆန္ဒသဘောထားများကို နိစ္စဓူဝ မိုးလင်းမိုးချုပ် ကိုင်စွဲထားကြသည်။ ငြင်းကြ ခုန်ကြသည်။ အမြင်မတူလျှင် လူများစုက လူနည်းစု၏ ဆန္ဒသဘောထားကို ပုတ်ခတ်စော်ကားကြသည်။

အဆိုးရွားဆုံးက နိုင်ငံရေးခံယူချက်များကို နယ်စည်းမခြားဘဲ လူမှုရေး၊ စီးပွားရေး နယ်ပယ်အတွင်းသို့ ဇွတ်အတင်းသွတ်သွင်းလာကြခြင်းဖြစ်သည်။ လူတစ်ဦးချင်း၏ ပရော်ဖက်ရှင်နယ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအထိ ဆွဲခေါ်ယူလာကြသည်။

**ဈေးသည်က စားသုံးသူကို ပရော်ဖက်ရှင်နယ် ပီသစွာ ဆွဲဆောင်ဖိတ်ခေါ်ရောင်းဝယ် ဖောက်ကားကြရမည့်အစား အချို့က နိုင်ငံရေးအကြောင်းသာ တွေးနေသည်။ နိုင်ငံရေးအသွေးအရောင်အပေါ် ခွဲခြမ်းစိတ်ဖြာနေသည်။ ဆိုက်ကားသမားက အချိန်အခါမဟုတ် နွှေမိုးဆောင်း ဥတုသုံးလီ ပါတီအလံတလူလူနှင့် ဝမ်းစာရှာဖွေသည်။ တက္ကစီယာဉ်မောင်း အချို့ကလည်း ပါတီအလံတလူလူနှင့် လမ်းမအလယ်ရပ်ပြီး ခရီးသည်တင်သည်။**

ခေါင်းရှက် ဗျပ်ထိုး၊ လက်လုပ်လက်စား ရွှေမြန်မာအချို့၏ ဈေးကွက်စီးပွားရေးအမြင်က အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ လုပ်ထုံးလုပ်နည်းနှင့် သဘော သဘာဝချင်း လားရာမတူ၊ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းပါပေ။

ဒီမိုကရေစီနိုင်ငံကြီးများမှ မဲဆန္ဒရှင်ပြည်သူများမှာမူ သတ်မှတ်ရွေးကောက်ပွဲကာလကို တရားဝင်ထုတ်ပြန်ကြေညာသည်မှ အစပြု၍ သက်ဝင်လှုပ်ရှားကြသည်။ သမ္မတလောင်းများ၊ ကိုယ်စားလှယ်လောင်းများ၏ ဟောပြောဆွေးနွေးမှုများကို စေ့ငု သုံးသပ်ပြီး ပွင့်ပွင့်လင်းလင်း မေးမြန်း ပြောဆို တင်ပြ ကန့်ကွက်ကြသည်၊ လိုလားချက်များကို တောင်းဆိုကြသည်၊ မနှစ်သက် မကျေနပ်သည်များကို ရင်ဖွင့်ကြသည်၊ ကိုယ်စားလှယ်လောင်း ဟောပြောသော ပြည်တွင်း ပြည်ပပေါ်လစီများကိုလည်း ကိုယ်ပိုင်ခံယူချက်နှင့် နှိုင်းယှဉ်ချိန်ထိုးသုံးသပ်ကြသည်၊ မိမိတို့ ရွေးချယ်ကြရမည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ဘယ်လိုလူစားမျိုးလဲဟူသည်ကအစ တိုင်းတာအကဲဖြတ်ကြသည်။ ပြီးမှ မည်သည့် သမ္မတလောင်း၊ ကိုယ်စားလှယ်လောင်းအား မဲပေးရမည်ကို ပြည်သူတို့က ဆုံးဖြတ်ကြလေသည်။

သမ္မတလောင်းများ၊ ပြည်သူ့ကိုယ်စားလှယ်လောင်းများကလည်း ရွေးကောက်ပွဲ အချိန်ကျရောက်ပြီဆိုပါက မဲဆန္ဒနယ်အနှံ့ရှိ လူထုလူတန်းစားအသီးသီးထံ ကိုယ်တိုင်ကိုယ်ကျသွားရောက် မဲဆွယ်ကြသည်။ မဲဆန္ဒရှင်ပြည်သူများ၏ လိုလားချက်၊ မကျေနပ်ချက်များ၊ ပြောဆိုတင်ပြမှုများကို ကြားနာကာ ရွေးကောက်ပွဲတွင် အနိုင်ရပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့်အကြောင်း စသဖြင့် ကတိကဝတ်များ ပေးတတ်ကြသည်။ မဲဆန္ဒရှင်ပြည်သူများကလည်း ထိုကတိကဝတ် စကားများအတိုင်း လုပ်ဆောင်ခြင်းရှိ၊ မရှိ ပေးသည့်ကတိတည်၊ မတည် ပထမသက်တမ်းကာလအတွင်း အကဲဖြတ်၍ လာမည့် နောက်တစ်ကြိမ် သက်တမ်းအတွက် ဆုံးဖြတ်ကြလေသည်။

**ဒီမိုကရေစီ ရင့်ကျက်မှုရှိသော နိုင်ငံကြီးများမှ မဲဆန္ဒရှင်များသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲထက် မိမိတို့ အကျိုးစီးပွားနှင့် ရလဒ်အပေါ်သာ အဓိကထား တွက်ချက်စဉ်းစားလေ့ရှိသည်။ ပြောင်းလဲမှုကို လိုလားသည်။ သို့ရာတွင် မပြောင်းလဲပါက ပြောင်းလဲအောင် လုပ်ပြသူကို ပြောင်းလဲ ထောက်ခံလေ့ရှိကြသည်။ ဤသည်မှာ ဒီမိုကရေစီစနစ်၏ သဘော သဘာဝနှင့် ဒီမိုကရေစီနိုင်ငံရေးဖြစ်သည်။**

ဒီမိုကရေစီ ရင့်ကျက်မှုရှိသော နိုင်ငံကြီးများမှ မဲဆန္ဒရှင်များသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲထက် မိမိတို့ အကျိုးစီးပွားနှင့် ရလဒ်အပေါ်သာ အဓိကထားတွက်ချက် စဉ်းစားလေ့ရှိသည်။ ပြောင်းလဲမှုကို လိုလားသည်။ သို့ရာတွင် မပြောင်းလဲပါက ပြောင်းလဲအောင် လုပ်ပြသူကို ပြောင်းလဲထောက်ခံ လေ့ရှိကြသည်။ ဤသည်မှာ ဒီမိုကရေစီစနစ်၏ သဘောသဘာဝနှင့် ဒီမိုကရေစီနိုင်ငံရေးဖြစ်

မြန်မာ့နိုင်ငံရေးလောကတွင်မူ မဲဆန္ဒရှင်များ၏ အကျိုးစီးပွားထက် ချစ်ခြင်း၊ မုန်းခြင်းတည်းဟူသော အစွဲအလမ်းက အခရာကျနေသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် မည်မျှ မိုးပျံအောင်တော်နေပါစေ၊ ပညာတွေ မိုးပျံအောင်တတ်နေပါစေ၊ သူတော်စင်တစ်ဦးလို အကျင့်သီလစာရိတ္တတွေ ပြည့်ဝနေပါစေ၊ ကိုယ်စွဲလမ်းနှစ်ခြိုက်သည့် ပါတီက ကိုယ်စားလှယ်လောင်းမဟုတ်လျှင် ရွေးကောက်ပွဲတွင် ကျိန်းသေ အပြတ်အသတ် မရှုမလှ ရှုံးနိမ့်ပါလိမ့်မည်။

### နိုင်ငံရေးရင့်ကျက်မှုအားနည်း

နိုင်ငံသားတို့ လိုလားတောင့်တနေသော ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံသားတို့၏ အစွဲအလမ်းကြီးမှု အယူသည်းမှုဓလေ့စရိုက်တို့က ဖျက်ဆီးနေလေသည်။ ပါတီစုံ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိရမည့် နိုင်ငံရေးရင့်ကျက်မှုအားနည်းသောကြောင့် ဖြစ်လေသည်။

ပစ္စက္ခမြန်မာ့နိုင်ငံရေး အပြောင်းအလဲတွင်လည်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အယူအဆ၊ အစွဲအလမ်းများက ပို၍ဆိုးရွား ပြင်းထန်လာသည်။

တက္ကစီအငှားယာဉ်မောင်းတစ်ဦးက လူစည်ကားရာ လမ်းဆုံလမ်းခွတွင် ကားကိုရပ်၊ ခရီးသည်စောင့်ရင်း ဒီမိုကရေစီစနစ်ကို ပြန်လည်ဖော်ပေးမည်ဟု သူထင်မှတ်စွဲလမ်းနေသော ကုလသမဂ္ဂ ပြည်ပတပ်များကို မျှော်နေသည်။ ဈေးအတွင်းရှိ ဆယ်ကျော်သက်အရွယ် ပန်းသည်မလေးက သူ့ဘေးက ကြက်သားသည် အဒေါ်ကြီးကို "သူလျှိုတွေ၊ ဒလန်တွေကို အရင်ရှင်းရမှာ"ဟု ဆိုလေသည်။

ငယ်ငယ်က စားအတူ၊ သွားအတူ ညီအစ်ကိုလိုနေခဲ့ကြသော မိတ်ဆွေ သူငယ်ချင်း အချင်းချင်းသည်လည်း ရက်ပိုင်း လပိုင်းအတွင်း မှာပင် ချက်ချင်း လူစိမ်း၊ သူစိမ်းများ ဖြစ်သွားခဲ့ကြ၏။ ဟိုဘက်လမ်းထိပ်က လူတွေက ဒီဘက်လမ်းထိပ်က လူတွေကို၊ ဒီဘက်လမ်းထိပ်က လူတွေက ဟိုဘက်လမ်းထိပ်က လူတွေကို၊ ဒီဘက်အိမ်က ဟိုဘက်အိမ်ကို၊ ဟိုဘက်အိမ်က ဒီဘက်အိမ်ကို အခေါ်အပြော အဆက်အဆံ မလုပ်ကြတော့။ ရင်ဘတ်ချင်း မတူလျှင် အချင်းချင်း မျက်လုံးချင်းဆိုင်ရမှာပင် ဝန်လေးလာကြသည်။

ထိုထိုသော အစွဲအလမ်းများကို လူမှုဆက်ဆံရေးပတ်ဝန်းကျင်၌ သာမက ပရိယေသန ဝမ်းစာအလို့ငှာ ရှာဖွေလုပ်ကိုင်နေသော လုပ်ငန်းကိစ္စ အဝဝဆီသို့ပါ သယ်ဆောင်လာပြီး အမြင်မတူသူအချင်းချင်း အပြန်အလှန်သပိတ်မှောက်နေကြ၍ အခြေခံလူတန်းစားအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအများစုသည် ပျက်စီးလုနီးနီး တုံ့ဆိုင်း ဆွံ့အ သွားလေသည်။

ထိုသောအခါ ကျွန်တော်သည် လူငယ်ဘဝက ရင်းနှီးကျွမ်းဝင်ခဲ့သော ဓမ္မမိတ်ဆွေ ဘကြီး၏ "ကိုယ့်အယူဟာ ကိုယ့်အပူ၊ ကိုယ့်အစွဲဟာ ကိုယ့်ငရဲ" ဟူသည့် ဓမ္မစကားကို ပြန်လည်ကြားယောင်လာမိပါသည်။

ဘကြီးသည် မြတ်ဗုဒ္ဓ၏ တရားဓမ္မကို စိတ်ပါဝင်စားသူများနှင့် စူးစမ်းလိုသူ ကျွန်တော်တို့ လူငယ်အချို့ကို ကြုံတိုင်း ဆုံတိုင်း ပညတ်၊ ပရမတ်တရားများကို ဟောပြောလေ့ရှိသည်။ အမှတ်တကယ်မရှိသော ပညတ်များအပေါ် ဝိပ္ပလ္လာသတရားများ မှောက်မှားဖုံးလွှမ်းမှုကြောင့် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အသက်၊ လိပ်ပြာ၊ ဇီဝဟု မှားယွင်းစွာ အမှတ်မှား၊ အယူမှား၊ အထင်မှားမှုတို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ စသည့် အကုသိုလ်တရားများသာ ပွားစီးနေမှု၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တည်း ဟူသော တကယ့်အရှိတရား ပရမတ်ကို သိမြင်ပါက အယူအစွဲမှန်သမျှ လွတ်ကင်း၍ ငြိမ်းအေးချမ်းသာနေမှုတို့ကို သေချာဂဏ ရှင်းပြတတ်လေ၏။

အရွယ်ရောက်လို့ ဓမ္မစာပေများကို အခါအားလျော်စွာ လေ့လာဖတ်ရှုတော့ ဒါယကာ ဒါယိကာမတို့နှင့် ဆက်ဆံရေးတွင် ကိုယ်ရောစိတ်ပါ လွတ်လွတ်ခွာကျဉ် ဆက်ဆံတတ်သူ အရှင်မဟာကဿပ မထေရ်မြတ်ကြီးကို အားကျကြည်ညိုရပြန်သည်။

အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် ဒါယကာ ဒါယိကာမများထံ ချဉ်းကပ်ရာတွင် နေ့စဉ်အမျှ ဆွမ်းခံရောက်သော်လည်း မထေရ်မြတ်ကြီးအဖို့ အားလုံးအသစ်ချည်းသာ ဖြစ်၏။ အကျွမ်းတဝင်ခင်မင်ရင်းနှီးထားသော ဒါယကာ ဒါယိကာမဟူ၍ မရှိပေ။ ငါ့ ဒါယကာ၊ ငါ့ဒါယိကာမ ဟူ၍ စွဲလမ်းထားခြင်းလည်း မရှိပေ။

သို့အတွက် မြတ်စွာဘုရားရှင်ကပင် ထက်ကောင်းကင်ဝယ် လွတ်လွတ်လပ်လပ် သွားလာ၍နေသော ငွေလမင်းကြီးနှင့် နှိုင်းယှဉ်စံပြု၍ မထေရ်မြတ်ကြီးအား ချီးကျူးတော်မူခဲ့ပေသည်။

မိမိတို့ ပုထုဇဉ်လူသားများအဖို့မူ အယူအစွဲ၊ အစွဲအလမ်းများကား တင်းကျမ်း ပြည့်နှက်လျက်။ သို့တစေ မြန်မာ့နိုင်ငံရေး နယ်ပယ်တွင်မူ မိမိတို့အားလုံး ကိုယ်စီကိုယ်စီ အယူအစွဲ၊ အစွဲအလမ်းများ နည်းနိုင်သမျှ နည်းအောင် သတိသမ္ပဇဉ် ဉာဏ် ယှဉ်ကြဖို့လိုပြီ။

အယူအစွဲ၊ အစွဲအလမ်းများ ကြီးမားသည်နှင့်အမျှ လူမှုဆက်ဆံရေးများ ပျက်ပြားတတ်သည်။ အသက်မွေးဝမ်းကျောင်း အလုပ်များပျက်စီးတတ်သည်။ ဘဝနှင့်ချီ၍ အယူအစွဲ၊ အစွဲအလမ်းကြီးလျှင် ကြီးသလို ဘဝပျက်တတ်လေသည်။ ကုသိုလ် တစ်ပဲ၊ ငရဲ တစ်ပိဿာ ဟုဆိုသော နိုင်ငံရေးလောကတွင် ကိုယ့်အယူဟာ ကိုယ့်အပူ၊ ကိုယ့်အစွဲဟာ ကိုယ့်ငရဲဖြစ်သည်မို့ . . . .။ ။

# ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လမ်းဦးစီးဌာနနှင့်တံတားဦးစီးဌာနတို့ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် မေ ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေးနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တံတားဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို မေ ၁၂ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက အမှာစကားပြောကြားသည်။ (ယာပုံ)

### ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းထိန်၊ အမြဲတမ်း အတွင်းဝန် ဦးအောင်မြင့်ဦး၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်၊ တံတားများ တာဝန်ခံ အင်ဂျင်နီယာချုပ်များနှင့် ညွှန်ကြားရေးမှူး (မြို့ပြ) များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ် ချက်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်း ဦးစီးဌာန၏ လေးလပတ်လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

### စနစ်တကျ ဖြေရှင်းဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် တစ်ပြိုင်တည်း လမ်း/ တံတား အခွန်အခများ တိုးတက်ရရှိစေရန် B.O.T Task Force များ ဖွဲ့စည်း ပြီး B.O.T ကုမ္ပဏီများကို စည်းကမ်းတကျကြီးကြပ် ကာ လမ်းမကြီးများ အဆင့်မြှင့်တင်ခြင်းနှင့် အခွန် အခများ အပြည့်အဝရရှိရေးကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လမ်းနယ်နိမိတ် ကိစ္စ၊ ကျူးကျော်များကိုလည်း ဥပဒေနှင့်အညီ တစ်ဆင့်ခြင်း စနစ်တကျ ဖြေရှင်းဆောင်ရွက်သွား ရမည် ဖြစ်ပါကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အလေးထား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သယံ ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနနှင့် ပူးပေါင်း၍ လမ်းဘေး ဝဲ/ယာတစ်လျှောက် တွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး အတွက် ဒေသနှင့် လိုက်လျောညီထွေရှိသည့် သစ်ပင် ကြီးများကို မိုးရာသီတွင် စီမံချက်ချ၍ စိုက်ပျိုးပေးရန် လိုပါကြောင်း ပြောကြားသည်။

### လိုအပ်ချက်များ မှာကြား

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြား ရေးမှူး(မြို့ပြ)များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်း အစီအစဉ်များ၊ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှု၊ လုပ်ငန်းခွင်အတွင်း တွေ့ကြုံရသည့် အခက်အခဲ များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုချင်း အလိုက် ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ က လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်စွက်ရှင်းလင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ် ချက်များ မှာကြားသည်။

**သတင်းစဉ်**

# လှိုင်မြစ် – လှော်ကားရေအားဖြည့် ရေတွန်းစက်စီမံကိန်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှ စိုးနှင့် ကောင်စီဝင်များသည် မေ ၁၁ ရက်က လှိုင်မြစ်–လှော်ကား ရေအားဖြည့် ရေတွန်းစက်စီမံ ကိန်း ပန္နက်တင်မင်္ဂလာအခမ်း အနားသို့ တက်ရောက်သည်။

### ရေတွန်းစက်စီမံကိန်း

အခမ်းအနားတွင် တိုင်းဒေသ ကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များဖြစ် သည့် မြို့တော်ဝန်ဦးဗိုလ်ဌေး၊ ဦးအောင်သန်းဦး၊ ဦးဇော်ဝင်း၊ ဦးဌေးအောင်တို့က မှော်ဘီမြို့ နယ် ဇဟိုစိုက်ပျိုးရေးသုတေသန ခြံဝင်းအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်မည့် လှိုင် မြစ် – လှော်ကား ရေအားဖြည့် ရေတွန်းစက် စီမံကိန်းကို သတ်မှတ်နေရာများ၌ ပန္နက်တင် ပေးသည်။



ထို့နောက် စီမံကိန်းရှင်းလင်း ဆောင်တွင်(**အပေါ်ပုံ**) ရန်ကုန် မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)ဌာနမှူး ဦးမြင့် ဇော်သန်း၊ ဆည်မြောင်းနှင့်ရေအသုံး ချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦး တို့က လှိုင်မြစ် – လှော်ကား ရေအားဖြည့် ရေတွန်းစက်ရုံ စီမံကိန်းဆိုင်ရာကိစ္စများ၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပို ရေးရှင်း အထွေထွေမန်နေဂျာ ဦးကျော်သူက စီမံကိန်းလုပ်ငန်း ခွင်အတွင်းလျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးနေသည့် အခြေ အနေများနှင့် မြို့တော်ဝန်က လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်း တင်ပြသည်။

### လုံခြုံရေးအလေးထား

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ က ယခုစတင်ဆောင်ရွက်သည့် လှိုင်မြစ် – လှော်ကား ရေအား ဖြည့် ရေတွန်းစက် စီမံကိန်းသည် ရန်ကုန်မြို့နေ ပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေး အတွက် အလွန်အရေးပါသော လုပ်ငန်းကြီးဖြစ်ကြောင်း၊ ရာသီ ဥတုအရ နှစ်စဉ်နွေရာသီရောက် တိုင်း ဂျိုးဖြူ ဖူးကြီး ရေလှောင် တမံများ ရေလျော့နည်းသဖြင့် သောက်သုံးရေ ဖြန့်ဝေရာတွင် အခက်အခဲ ကြုံတွေ့ရကြောင်း၊ ဤစီမံကိန်းသည် လှိုင်မြစ်မှ ရေချိုကို ကန်ကလေးလျှပ်စစ် မြစ်ရေတင်စခန်းမှ မှော်ဘီဇဟို စိုက်ပျိုးရေး သုတေသနခြံအတွင်း သို့ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထားသော မြေပေါ် ရေပေးမြောင်းကို အဆင့်မြှင့်တင် ပြီး ရေစစ်ကန်တွင် အနည်ထိုင် သန့်စင်စေကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ အချင်း ၁ ပေ ရေပိုက်လိုင်း ၃ဒသမ ၂၇ မိုင်တည်ဆောက်၍ ဂျိုးဖြူ လှော်ကားရေပိုက်လိုင်းသို့ တစ် ရက်လျှင် ရေဂါလန် သန်း ၆၀ တွန်းပို့ပေးကာ လှော်ကားကန် အတွင်းသို့ သောက်သုံးရေ အားဖြည့်ပို့လွှတ်ပေးသည့် လုပ် ငန်းကြီးဖြစ်ကြောင်း၊ လာမည့် နွေ ရာသီအမီ လုပ်ငန်းများ ပြီးစီး အောင် ဆောင်ရွက်ရမည်ဖြစ်၍ နိုင်ငံတော် ဘဏ္ဍာငွေများ လေ လွင့်မှု မရှိစေရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံ ရေးကို အထူးအလေးထား ဆောင်ရွက်ကြရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ခြင်းဖြင့် သတ်မှတ်ချိန် အတွင်း အမြန်ဆုံး ပြီးစီးရန် မှာကြားသည်။

### သွားရောက်စစ်ဆေး

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့ နယ် ကန်ကလေး လျှပ်စစ်မြစ် ရေတင်စခန်းသို့ သွားရောက် စစ်ဆေးကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ သတ္တုလုပ်ငန်းများနှင့် ပတ်သက်၍ လျှောက်ထားလာသော ကိစ္စရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၄**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မှန်ကန်အကျိုး ရှိစွာ အသုံးချနိုင်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများအပါအဝင် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ်တွင် တည်ဆဲဥပဒေ များနှင့် အညီ လုပ်ကိုင်ခွင့်များ ခွင့်ပြုပေးလျက်ရှိရာ ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် သတ္တုတွင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက် အရ လည်းကောင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် အရ လည်းကောင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များ စီမံခန့်ခွဲရေးဗဟိုကော်မတီက စိစစ်ခွင့်ပြုပေး လျက်ရှိသည်။

### ရှင်းလင်းဆွေးနွေး

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ သတ္တုလုပ်ငန်းများနှင့် ပတ်သက် ၍ လျှောက်ထားလာသော ကိစ္စရပ်ဆိုင်ရာ အစည်း အဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အစည်း အဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံ ခန့်ခွဲရေးဗဟို ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက် ကြပြီး အစည်းအဝေးတွင် တည်ဆဲ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေများနှင့် အညီ သတ္တုလုပ်ငန်းဆိုင်ရာ လျှောက်ထားရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထား မှတ်ချက်ဆိုင်ရာများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်ဆိုင်ရာ များ၊ မြန်မာ့သတ္တုတွင်း ဥပဒေအရ ဓာတ်သတ္တု ထုတ်လုပ်ခြင်းနှင့် လုပ်ကိုင်ခွင့်ဆိုင်ရာများ၊ သတ္တု လုပ်ငန်းဆိုင်ရာ လျှောက်ထားလာသော ကိစ္စများ အတွက် နမူနာတင်ပြသည့်လုပ်ငန်း စာတွဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

### မြေခွန်ကင်းလွတ်ခွင့်ကာလ (၅)နှစ်သတ်မှတ်

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် သတ္တုလုပ်ငန်းဆိုင်ရာ လုပ်ကိုင်ခွင့် ရရှိပြီးပါက ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင် စွမ်းလေ့လာခြင်းအပေါ် မြေခွန် ကင်းလွတ်ခွင့်ပြုထားပြီး ဓာတ်သတ္တုထုတ်လုပ် ခြင်းအတွက် မြေခွန်ကင်းလွတ်ခွင့် ကာလ (၅)နှစ် သတ်မှတ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# သိက္ခာမြင့်မြတ်၊ စိတ်ဓာတ်ဖြူစင်၊ တပ်မတော်ဆေးတပ်ဖွဲ့ဂုဏ်အင်

## မောင်မျိုးအောင်(ပန်းရော)

သုံးလူ့ထွတ်ထား မြတ်ဘုရားက "အာရောဂျံ ပရမံ လာဘံ" ဟု ကျန်းမာခြင်းသည် တုနှိုင်းမရသော အကြီးမြတ်ဆုံး လာဘ်ကြီးတစ်ပါးပင်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။ မြန်မာ့အဘိဓာန်တွင် ကျန်းမာခြင်း ဟူသောစကားရပ်ကို "အနာရောဂါကင်းရှင်းခြင်း" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး အနာရောဂါဟူသော စကားရပ်အတွက်ကိုမူ "ကိုယ်၊ စိတ် အနာ နှစ်မျိုးလုံးပါဝင်သည်" ဟု ညွှန်းဆိုပြထားပါသည်။ အလားတူ ကျန်းမာခြင်း ဟူသော စကားရပ်ကိုပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(World Health Organization) ကမူ "ကျန်းမာခြင်းဆိုသည်မှာ ကိုယ်ခန္ဓာချို့ယွင်းချက်မရှိရုံသာမကဘဲ အနာရောဂါဝေဒနာကင်းရှင်းပြီး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခ တည်းဟူသော သုံးဖြာသောသုခတို့နှင့်ပြည့်စုံနေသည့်ဘဝကိုဆိုလိုသည်" ဟု အဓိပ္ပာယ်ရှင်းလင်းပြဆိုထားပါသည်။ ဆိုရပါမူ ကျွန်တော်တို့လူသားများ ရှင်သန်ရပ်တည်ရာကမ္ဘာကြီးတွင် ကျန်းမာခြင်းသုခကို ပြည့်ဝစွာရရှိပိုင်ဆိုင်နိုင်မည်ဆိုပါက ငြိမ်းချမ်းသာယာပျော်ရွှင်သော ဘဝအသီးသီးကို ရရှိပိုင်ဆိုင်နိုင်လိမ့်မည်သာ ဖြစ်ပါသည်။

### ကျန်းမာရေးသည်သာ အခရာ

လူသားတို့သည် အသိုက်အဝန်းမတူသော်ငြား ရရှိထားသည့် ဘဝရှင်သန်ရေးအတွက် ရုန်းကန်ကြိုးစားတတ်သော အသိဉာဏ်၊ ခွန်အားများမှာ တူညီစွာရှိတတ်ကြပါသည်။ ယနေ့ကမ္ဘာကြီးရှိ လူသားတို့သည် အမျိုးအမည်မတူ၊ မျိုးစိတ်ကွဲပြားသည့် ကြောက်မက်ဖွယ်ရာ ရောဂါဆိုးများကြား ဒုက္ခပင်လယ်ဝေကာ ရှင်သန်ရပ်တည်နေကြရသည်။ လူသားတိုင်းသည် ပုထုဇဉ်ပီသစွာပင် နေထိုင်ခွင့်ရသည့် လူ့ဘဝကို ကျန်းမာအသက်ရှည်စွာ ရပ်တည်လို ကြသည်။ ကျန်းမာရေးချို့တဲ့မှုမှန်သမျှသည် လူ၊ စိတ် စသည်တို့သာမက ပတ်ဝန်းကျင်သို့တိုင် အဆင်မပြေမှုပေါင်းစုံနှင့် ကြုံရလေသည်။ ကျန်းမာကြံ့ခိုင်နေသူ တစ်ဦးအဖို့မူ မိမိလုပ်ဆောင်လိုသည့် အရာမှန်သမျှကို စွမ်းဆောင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် နေ့စဉ်လုပ်ငန်းဆောင်တာများကို အခက်အခဲမရှိ ရွှင်လန်းတက်ကြွပြီး အားအင်အပြည့်ဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လူသားတိုင်းတွင် ပါရမီဟု ခေါ်ဆိုရမည့် မွေးရာပါစွမ်းဆောင်ရည်များ ကိုယ်စီပါရှိလာကြရာ ကျန်းမာနေမှသာလျှင် ထိုစွမ်းဆောင်ရည်များ တစ်နည်းအားဖြင့် ပါရမီများကို အပြည့်အဝထုတ်ဖော်အသုံးချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းအတွက် ကျန်းမာရေးသည်သာ အခရာဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။

လူတစ်ဦးအနေဖြင့် မိမိချစ်သော မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာ အတူတကွနေထိုင်နိုင်ရေးအတွက် မိမိ၏တစ်ကိုယ်ရေ တစ်ကာယကိုလည်း အလေးထားရန်လိုအပ်သကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ကောင်းဖြစ်ထွန်းရေးကိုလည်း အလေးထားရန် လိုအပ်ပါသည်။ ထို့အတူ မိမိ၏ကျန်းမာရေးအား မစောင့်ရှောက်နိုင်ဘဲ ရောဂါဖြစ်ပွားပါက ကုသပေးနိုင်သည့် ဆရာဝန်၊ သူနာပြု စသည့် လူသားတို့၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးသော ကျန်းမာရေးဝန်ထမ်းအဖွဲ့အစည်းသည်လည်း လိုအပ်မည်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများကလည်း ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေး အပါအဝင် လိုအပ်သော ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများအတွက် ပြည့်စုံထိရောက်သောမဟာဗျူဟာ၊ နည်းဗျူဟာများ ရေးဆွဲဆောင်ရွက်လျက် ရှိကြပါသည်။ ပြည်သူ့အကျိုးကို ရည်မျှော်ဖွဲ့စည်းထားသောအစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်း လိုအပ်ချက်များအပေါ်မူတည်၍ စေတနာဖြင့် လှူဒါန်းထောက်ပံ့ခြင်း၊ စည်းရုံးလမ်းပြခြင်း၊ ကူညီဖြေရှင်းခြင်းများ ပြုလုပ်ဆောင်ရွက်သွားရပါမည်။ အလားတူပင် ပြည်သူလူထုအနေဖြင့်လည်း ကျန်းမာရေးအသိနှင့် ဗဟုသုတ ပြည့်စုံအောင် လေ့လာဆည်းပူးကာ မိမိကိုယ်တိုင်မှ အစပြု၍ လူ့အဖွဲ့အစည်းသို့တိုင် တာဝန်သိသိပူးပေါင်းမှသာ ကမ္ဘာကြီးသည် ကျန်းမာကောင်းမွန်သော လောကသစ်ကြီးအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။



- ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ နိုင်ငံတော်နှင့် ပြည်သူအပေါ် ထာဝစဉ်စောင့်ထိန်းလာခဲ့သည့် ကျန်းမာရေးသစ္စာအဓိဋ္ဌာန်ကို ပျက်ယွင်းဖောက်ဖျက်လာသော ကျန်းမာရေးဝန်ထမ်းအချို့ CDM လှုပ်ရှားမှုတွင် ပါဝင်လာခဲ့
- ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဆေးရုံ ၁၂၆၂ ရုံရှိသော်လည်း ဆေးရုံ ဖွင့်လှစ်ပြီး ကုသပေးသည့် ဆေးရုံ ၇၇၈ ရုံ၊ ဆေးရုံဖွင့်လှစ်ထားသော်လည်း ကုသပေးခြင်းမရှိသည့် ဆေးရုံ ၂၇ ရုံရှိပြီး လုံးဝဆေးရုံပိတ်ထားသည့် ဆေးရုံ ၃၅၇ ရုံရှိခဲ့

### ကျန်းမာရေးသူရဲကောင်းများ

ပြည်သူ့ကျန်းမာရေးကို မိမိကိုယ်တိုင်၏ အတ္တကိုပယ်သတ်၍ ပရစိတ်အပြည့်မွေးမြူကာ စောင့်ရှောက်ခဲ့သည့် ကျန်းမာရေးသူရဲကောင်းများသည် ရှည်လျားလှသော သမိုင်းစဉ်တစ်လျှောက်အတွင်း ကမ္ဘာ့နိုင်ငံများတွင်သာမက မြန်မာနိုင်ငံတွင်ပါရှိခဲ့ကြသည်။ အနီးစပ်ဆုံးသက်သေအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများ၏အသက်ကို ကာကွယ်မှုပြုနိုင်ရေးအတွက် မိမိတို့ကိုယ်တိုင် စွန့်လွှတ်သည့်စိတ်ဖြင့် ရှေ့တန်းစစ်မျက်နှာပြင်သဖွယ် စွန့်စွန့်စားစားကယ်တင် ဆောင်ရွက်ပေးခဲ့ကြသည်။ ပြည်သူများ၏အသက်ခန္ဓာကို ကယ်ဆယ်စောင့်ရှောက်ရေးအတွက် မိမိကိုယ်ကိုအလေးမထားနိုင်ဘဲ အားမာန်ခဲကာ အနစ်နာခံ ဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများအား ကမ္ဘာ့နိုင်ငံများတွင်သာမက မြန်မာနိုင်ငံတွင်လည်း အထင်ကရရှိခဲ့ပါသည်။ ၎င်းတို့၏ စိတ်တွင် မေတ္တာရှေ့ထားဆက်ဆံခြင်း၊ သနားကြင်နာ၊ ကရုဏာထားရှိခြင်း၊ အရာရာကိုသန့်ရှင်းစင်ကြယ်သောနှလုံး၊ ဖြောင့်မတ်မှန်ကန်သော စရိုက်တို့ဖြင့် ပြုမူဆောင်ရွက်ခဲ့ကြောင်း ၎င်းတို့၏ မျက်နှာသွင်ပြင်နှင့် လှုပ်ရှားမှုများက ထင်ဟပ်နေပေသည်။ ရုပ်အဆင်းအားနည်းမှုရှိနေစေကာမူ စိတ်နှလုံးဖြူစင်သူ၏ အသွင်သဏ္ဌာန်သည် အေးချမ်းတည်ငြိမ်ဖြောင့်မတ်သည့် ဥပဓိရုပ်ကိုပေါ်လွင်စေ၏။ ထိုစိတ်ကောင်းရှိခြင်းသည် လူ့တန်ဖိုးပင်ဖြစ်ကြောင်းကို "ဝမ်းတွင်း ပိုက်သို ၊ လူဟုဆိုက၊ ရုပ်ကိုမကြည့် ၊ စိတ်ကိုကြည့်လော့" ဟု မန်လည်ဆရာတော်၏ မိန့်မှာစကားကို မှတ်သားခဲ့ရဖူး၏။ ထိုသို့သော စိတ်ထားကောင်းများရှိခြင်းဖြင့် လူပီသသည့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

### သမားဂုဏ်ကို ဖော်ဆောင်

သူတစ်ပါးကို ကူညီစောင့်ရှောက်ပေးခြင်း တစ်နည်းအားဖြင့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းသည် မိမိအတွက် ကောင်းကျိုးချမ်းသာကို ပြန်လည်ရရှိသည်။ ကျန်းမာရေး ချို့တဲ့နေသူကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် လူတိုင်းလုပ်ဆောင်နိုင်ခဲသော အရာပင်ဖြစ်သည်။ ဆရာဝန်များ၊ သူနာပြုများ အစရှိသည့် ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများအတွက် မြင့်မြတ်သည့် သမားဂုဏ်ကို ဖော်ဆောင်ပြီး တိုင်းပြည်၏ ကျန်းမာရေးကဏ္ဍ တစ်ရပ်လုံးကို ဦးဆောင်ထိန်းမတ်နေကြသူများဖြစ်သည်။ ဆေးပညာလောက၏ ဖခင်ကြီးဖြစ်သူ ဟစ်ပိုကရေးတီးစ်က "First , Do No Harm" ဟုဆိုခဲ့ပြီး မိမိကြောင့် လူနာများဘေးမဖြစ်စေရေး ညွှန်ပြခဲ့သည်။ ဆရာဝန်များအားလုံးသည် ဟစ်ပိုကရေးတီးစ်၏ ပဋိညာဉ်ကိုရွတ်ဆိုပြီး လိုက်နာစောင့်ထိန်းပါမည်ဟု ကတိသစ္စာပြုထားသူများဖြစ်ပါသည်။ ၎င်းသစ္စာ၏ ပထမဆုံးအချက်တွင် **"ကျွန်ုပ်သည် လူသားအားလုံးတို့၏ ကိုယ်၏ ကျန်းမာရေး၊ စိတ်၏ ကျန်းမာရေးကို ကျွန်ုပ်၏ အရေးကဲ့သို့ ယူဆပါအံ့"** ဟု ပါဝင်ထားပြီး မည်သူ့ကိုမဆို အရေးပေါ် ကျန်းမာရေးလိုအပ်ချက်ရှိလာမည်ဆိုလျှင် အကောင်းဆုံးအကူအညီပေးပါမည်။ လူနာများ၏ အခွင့်အရေးများကို လေးစားပါမည်။ ပညာပိုင်းဆိုင်ရာအသုံးချမှုနှင့် ဆုံးဖြတ်ချက်များကို နိုင်ငံရေး၊ လူမှုရေးတို့၏ သက်ရောက်မှုများမှ ကင်းဝေးပြီး အတတ်နိုင်ဆုံး သမားဂုဏ်နှင့်အညီ လုပ်ဆောင်မည် စသည်ဖြင့်ပါရှိပါသည်။

### သစ္စာမပျက် ပြုစုကုသစောင့်ရှောက်ခဲ့

ဆရာဝန်၊ သူနာပြုများသည် တိုင်းပြည်တွင် မည်သည့်အခြေအနေ အချိန်အခါမဆို ရန်သူ၊ မိတ်ဆွေမရွေး အယုတ်၊ အလတ်၊ အမြတ်မရွေးဘဲ လူနာများအားရင်ဝယ်သားကဲ့သို့စေတနာထားကာ သစ္စာမပျက် ပြုစုကုသ စောင့်ရှောက်ခဲ့ကြရပါသည်။ ထို့ကြောင့်လည်း "ပြည်သူ့သားကောင်း" များအဖြစ် ပြည်သူများက ချစ်မြတ်နိုးအသိအမှတ်ပြုခဲ့ကြသည်။ မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မျှော်လင့်မထားသည့် နိုင်ငံရေးအပြောင်းအလဲ ဖြစ်စဉ်တစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည်။ ထိုနိုင်ငံရေး အပြောင်းအလဲကို မူတည်၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံ့ဝန်ထမ်းဟူသည် လက်နက်ကိုင်တပ်ဖွဲ့များ၊ အုပ်ချုပ်ရေးတွင် တာဝန်ထမ်းဆောင်နေကြရသူများကိုဆိုလိုပြီး ပြည်သူ့ဝန်ထမ်းများမှာ ပြည်သူလူထုနှင့် အမြဲမပြတ် ထိတွေ့ဆက်ဆံနေရသော ပညာရေး၊ ကျန်းမာရေး အစရှိသည့် ဝန်ထမ်းများကို ဆိုလိုကြောင်း မှတ်သားဖူးပါသည်။ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကာ ပြည်သူ့ဝန်ကိုပါ ထမ်းဆောင်ခွင့်ရရှိခြင်းမှာ ထူးကဲလှသော ကုသိုလ်ဟု သဘောရပါသည်။ ဆိုလိုသည်မှာ နိုင်ငံ့ဝန်ထမ်းများသည် တစ်နည်းအားဖြင့် အစိုးရ၏ လုပ်ဖော်ကိုင်ဖက်များသာဖြစ်ပြီး တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှုဆောင်ရွက်ရမည်သာဖြစ်ပါသည်။ ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟု **နိုင်ငံ့ဝန်ထမ်းဥပဒေ**တွင် ပြဋ္ဌာန်းထားရှိပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်အတူ ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်အား ပြောင်းလဲကျင့်သုံးခဲ့ပြီး ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲပြုလုပ်သည့်အချိန်တွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများအနေဖြင့် မိမိတို့နှစ်သက်ရာပါတီကို ဆန္ဒမဲပေးနိုင်သော်လည်း တာဝန်ချိန်တွင်မူ နိုင်ငံတော်အတွက်သာ ဦးတည်ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းသည် မည်သည့်အစိုးရ တာဝန်ယူသည်ဖြစ်စေ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

သို့သော် နိုင်ငံရေးပြောင်းလဲမှု ဖြစ်စဉ်တွင် အချို့သောဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကာ Civil Disobedience Movement (CDM)တွင် ပါဝင်ခြင်း၊ အခြားသူများ ပါဝင်လာစေရန် လှုံ့ဆော်မှုအချို့ ပြုလုပ်လာကြပါသည်။ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ နိုင်ငံတော်နှင့် ပြည်သူအပေါ် ထာဝစဉ်စောင့်ထိန်းလာခဲ့သည့် ကျန်းမာရေးသစ္စာအဓိဋ္ဌာန်ကို ပျက်ယွင်းဖောက်ဖျက်လာသော ကျန်းမာရေးဝန်ထမ်း အချို့ CDM လှုပ်ရှားမှုတွင်ပါဝင်လာခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဆေးဝန်ထမ်းအချင်းချင်း ဖိအားပေးအကျပ်ကိုင်မှု၊ တစ်ဦး၊ တစ်ယောက်၊ တစ်ပါတီအတွက် နိုင်ငံကို ချနင်းလိုသော နိုင်ငံရေးသမားများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် ရောဂါဝေဒနာခံစားနေရသော အပြစ်မဲ့ပြည်သူများကို စွန့်ခွာခဲ့ကြသည်။ သမိုင်းကောင်းနှင့် ပြည့်ဝ၍ ပုံရိပ်အရလှခဲ့သော ကျန်းမာရေး သူရဲကောင်းတို့၏ ပုံရိပ်သည် ကျန်းမာရေးကမ္ဘာ့သမိုင်း စာမျက်နှာထက်တွင် အကျည်းတန်ခဲ့ရသည်။ ကျန်းမာရေးဝန်ထမ်းအချို့၏ CDM တွင်ပါဝင်မှုများကြောင့် ဆေးရုံများ ခေတ္တပိတ်ထားခဲ့ရသည့်အတွက် ရပ်ရွာအတွင်းမှ ဝေဒနာရှင်ပြည်သူများ၊ ကျန်းမာရေးအတွက် ပုံမှန်စစ်ဆေးကုသရမည့် ပြည်သူများ၊ အရေးပေါ်ခွဲစိတ်ကုသရန်လိုအပ်သည့် ပြည်သူများ၊ ကလေးမီးဖွားရန် အခက်အခဲရှိလာသည့် မိခင်လောင်းများကဲ့သို့သော ငွေကြေးကုန်ကျမှုသက်သာသော ပြည်သူ့ဆေးရုံကို အားကိုးအားထားပြုနေရသည့် အခြေခံလူတန်းစားများအတွက် မိုးတွယ်အားကိုးရာ ဗလာနတ္ထိဟုဆိုရမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဆေးရုံ ၁၂၆၂ ရုံရှိသော်လည်း ဆေးရုံဖွင့်လှစ်ပြီး ကုသပေးသည့်ဆေးရုံ ၇၇၈ ရုံ၊ ဆေးရုံဖွင့်လှစ်ထားသော်လည်း ကုသပေးခြင်းမရှိသည့်ဆေးရုံ ၂၇ ရုံရှိပြီး လုံးဝဆေးရုံပိတ်ထားသည့်ဆေးရုံ ၃၅၇ ရုံရှိခဲ့သည်။ ထိုသို့သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားသည့်ကာလတွင် ရောဂါအခြေအနေစိုးရိမ်ရ၍ အရေးပေါ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်နေစဉ်အတွင်း လမ်းခရီး၌ပင် အသက်ဆုံးပါးသွားခဲ့ရသူများ၊ ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများ၏ စောင့်ရှောက်မှုမရသဖြင့် တိမ်းပါးသွားရသူများစွာ ရှိခဲ့သည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။

### အဓိကရိုက်ခတ်မှု

ထိုသို့ ကျန်းမာရေးဝန်ထမ်းများ၏ CDM မှာ ပါဝင်ခြင်းကြောင့် အဓိက ရိုက်ခတ်မှုခံစားရသည်မှာ အောက်ခြေအဆင့် ပြည်သူလူထုများဖြစ်သည်ဆိုသည်ကို သတိပြုသင့်သကဲ့သို့ နိုင်ငံတကာမှ အမြင်ကိုလည်း အလေးအနက် တွေးတောမိရန် လိုအပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဖွား၊ မြန်မာနိုင်ငံသား ဆရာဝန်၊ သူနာပြုအချို့သည် ပြည်ပနိုင်ငံအနှံ့အပြားတွင် ကျန်းမာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပါသည်။ မြန်မာနိုင်ငံမှ ဆရာဝန်၊ သူနာပြုများသည် စိတ်ရှည်သည်းခံခြင်း၊ ကရုဏာတရားကြီးမားခြင်း စသည့် အချက်များကို အခြေတည်၍ အောင်မြင်မှုများ ရရှိနေသည်ကိုလည်း ကောင်းသတင်းအဖြစ် ကြားသိရပါသည်။ ယခုကျန်းမာရေးဝန်ထမ်းများ၏ CDM လှုပ်ရှားမှုကို ကမ္ဘာမှလည်း မီဒီယာအသီးသီးမှတစ်ဆင့် သိရှိနေကြသည်ဖြစ်ရာ မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံရေးအရ အမြင်မတူသည်နှင့် လူနာများကိုပင် စွန့်ပစ် ပစ်ခွာတတ်သည်ဟူသော အသိကိုလည်း သတိပြုမိသွားနိုင်ပေသည်။ ၎င်းအသိ၏ရိုက်ခတ်မှုသည် ပြည်ပနိုင်ငံအသီးသီးရှိ ကျန်းမာရေးဝန်ထမ်းများကိုသာမကဘဲ နောင်အနာဂတ်တွင် ပြည်ပနိုင်ငံများသို့ သွားရောက်တာဝန်ထမ်းဆောင်ခြင်း၊ ပညာတော်သင်စေလွှတ်ခံရသည့်အတွက် ပညာသင်ကြားရန် သွားရောက်ခြင်းတို့အထိပါ ရိုက်ခတ်လာဖွယ်ရှိသည်ကိုလည်း အထူးဂရုပြုသင့်ပေသည်။

**❑ "ဖေဖော်ဝါရီလ ၅ ရက်နေ့မှ မေလ ၆ ရက်နေ့အထိ ပြင်ပလူနာ ၁၈၇,၉၂၄ ဦး၊ အတွင်းလူနာ ၅၈,၅၉၂ ဦးတို့ကို လက်ခံကုသပေးလျက်ရှိပြီး ၎င်းအနက်မှ အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၈,၇၆၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄,၄၇၆ ဦး စုစုပေါင်း ၁၃,၂၄၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။ ထို့အပြင် မီးဖွားလူနာ ၄,၅၃၀ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၆,၈၄၉ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ရာ ယနေ့အထိ အနာဂတ်တွင် ဖူးငုံစီစွာဖြင့် ပွင့်လန်းလာမည့် မျိုးဆက်သစ်ကလေးငယ်ပေါင်း ၁၁,၃၇၉ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီဖြစ်"**

### တစ်ထောင့်တစ်နေရာက အထောက်အကူပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ကျန်းမာရေးနှင့် ပတ်သက်၍ **"လူ့အသက်ထက်အရေးကြီးသည်မှာ မရှိကြောင်း"** အစဉ်အမြဲ ပြောကြားလေ့ရှိသည်ကို မှတ်သားကြားနာရဖူးပါသည်။ ကျန်းမာရေးဝန်ထမ်းအချို့သည် သွေးထိုးလှုံ့ဆော်စကားကို နားယောင်၍ လုပ်ငန်းတာဝန်ပျက်ကွက်ခဲ့သဖြင့် ရောဂါဝေဒနာရှင် အခြေခံပြည်သူများ၏ အသက်အိုးအိမ်နှင့် ဆက်နွှယ်ရာ မိသားစုဘဝများသည် ပျက်စီးခြင်းလမ်းသို့ ရောက်ရှိခဲ့ရပါသည်။ ထိုသို့သော အခြေအနေများ ဖြစ်ပေါ်လာမှုကြောင့် မြန်မာနိုင်ငံရှိနေရာအချို့တွင် ဒေသခံပြည်သူများက ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းမရှိဘဲ မျက်ကွယ်ပြုသည့်အပေါ် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုများကို ပြုလုပ်လာခဲ့ကြသည်။ လစ်လပ်လျက်ရှိသော ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏လမ်းညွှန်ချက်အရ ပြည်သူများအား လူသားချင်းစာနာစိတ်ဖြင့် ကျန်းမာရေးချို့ယွင်းပါက တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများတွင် ကုသနိုင်ကြောင်း ကြေညာပေးခဲ့ပြီး တပ်မတော်သား ဆရာဝန်၊ သူနာပြုများက ခွန်အားအပြည့်ဖြင့် လူနာများကို ပြုစုကုသပေးမှုများ ဆောင်ရွက်ခဲ့ရသည်။ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာက အထောက်အကူပြု ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ တပ်မတော်ဆေးရုံများက ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ခဲ့သဖြင့် ရောဂါခံစားနေရသော ပြည်သူအများစု စိတ်သက်သာရာရခဲ့၏။

တပ်မတော်ဆေးရုံတွင် ကုသခွင့်ရသောလူနာရှင်အချို့က **"သမီး ညီမလေးကို ဒီလ ၁၇ ရက်နေ့ မွေးဖွားမယ်လို့ ဆရာဝန်ကြီးက Date ပေးထားတယ်။ သွားမွေးတဲ့အခါကျတော့ သူတို့ဆေးရုံက မတတ်နိုင်ဘူးတဲ့။ ကြိုက်တဲ့ဆေးရုံမှာ မီးသွားဖွားတဲ့။ သမီးတို့သွားမေးကြတဲ့အခါ တပ်မတော်ဆေးရုံက တပ်ကြပ်ကြီး တစ်ယောက်ပြောတယ်။ ဘယ်အချိန်မှာပဲဖြစ်ဖြစ် အလိုရှိတဲ့အခါ လာလို့ပြောတယ်။ ပထမတစ်ရက်ကတော့ ဆေးခန်းတော့ပြရမှာ၊ နောက်နေ့ကျတော့ သမီးတို့ ဆေးရုံတန်းတက်ရမှာ၊ သမီးတို့အိမ်ပြန်သွားကြည့်တယ်။ ဆရာ/ဆရာမတွေကမရှိ၊ ကလေးတစ်ခုခု၊ မိခင်တစ်ခုခုဖြစ်ရင် ဆေးခန်းကလည်း မရှိဘူး။ ဆေးရုံတွေက အမြဲပိတ်ထားတယ်။ သမီးတို့ ဒီ (တပ်မတော်ဆေးရုံ) မှာ နေရတာ နေပျော်တယ်"** ဟု လူနာစောင့် တစ်ဦးကလည်းကောင်း၊ **"သွားပါ ..... တပ်မတော်ဆေးရုံကို သွားပါ။ ညီမလေးတို့ အကုန်အကျကို ဘာမှမပူပါနဲ့။ သွားလိုက်ပါဆိုလို့ သမီးတို့ ဒီကိုရောက်လာတယ်။ ဒီမှာ အစစအရာရာ အကုန်အဆင်ပြေပါတယ်။ လမ်းမှာ ငွေကြေး မတတ်နိုင်လို့ သမီးတူမလေး ဆုံးရှုံးခဲ့ရပါတယ်။ ဘယ်လိုမှ အဆင်မပြေဘူး။ ဒီရောက်တော့ အကုန်လုံး အဆင်ပြေသွားပါတယ်။ သမီးပြောချင်တာကတော့ ငွေကြေးမတတ်နိုင်သူတွေ၊ ဒီလိုဆရာဝန်တွေရှိလျက်သားနဲ့ ဒီလိုမျိုးဖြစ်ရတယ်ဆိုပြီး ရင်ထဲလည်း မကောင်းဘူး။ မရှိဆင်းရဲသားတွေ ကူညီပါလို့၊ မရှိဆင်းရဲသားတွေ ငဲ့ညှာပါလို့ ပြောချင်ပါတယ်"** ဟု လူနာတစ်ဦးကလည်းကောင်း၊ **"ကျွန်မတို့လာပြတဲ့ အချိန်မှာ ရန်ကုန်ဆေးရုံကြီးက ပေးမဝင်တော့ဘူး၊ အပြင်မှာ လူတွေကတန်းစီပြီးစောင့်နေတယ်။ အဲ့ဒါနဲ့ ကျွန်မတို့ နီးစပ်ရာကိုလိုက်ပြတော့ ဗဟိုအမျိုးသမီးဆေးရုံက ဆရာဝန်က ဒီ (တပ်မတော်ဆေးရုံ) ကို သွားခိုင်းလို့လာတာပါ။ ဒီလိုမျိုး လူနာတွေကို လက်ခံပေးတဲ့အတွက် ကျွန်မတို့က ပိုပြီးကျေးဇူးတင်ပါတယ်။ ဒီအချိန်မှာ လူနာတွေကို လက်ခံပေးဖို့က အဓိကပဲလေ။ ဆရာဝန်တွေမရှိဘဲနဲ့ လူနာတွေက ဘယ်သူ့ကိုသွားပြောရမလဲ၊ အခုလိုမျိုးလက်ခံကုသပေးတဲ့အတွက် ဆရာဝန်တွေအကုန်လုံးကို အထူးကျေးဇူးတင်ပါတယ်"** ဟု လူနာတစ်ဦးကလည်းကောင်း တပ်မတော်ဆေးရုံများတွင် ဆေးကုသခွင့်ရခဲ့သော လူနာရှင်များ၏ ခံစားချက်များကို သိရှိရပါသည်။ ဆရာဝန်တစ်ယောက်အဖြစ် ရောက်ရှိရန် ကြိုးစားအားထုတ်မှုများသည် မလွယ်ကူလှပါ။ ကိုယ်တိုင်ကလည်း ကြိုးစားရသည်သာမက မိဘကလည်း ငွေကြေးတတ်နိုင်သူများသာ ထိုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ဆရာဝန်ဆိုသည်ကား လူနာကိုဆေးကုသရမည်သာဖြစ်သော်လည်း နိုင်ငံရေးအရ အမြင်ကွဲပြားယုံမျှဖြင့် မိမိတာဝန်ကျရာ ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံတို့ကို စွန့်ခွာကာ အလုပ်မဆင်းဘဲနေခြင်းကြောင့် မသေသင့်သူတွေ သေကျေရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။

### သမားဇာနည် အောင်စစ်သည်

တပ်မတော်ဆရာဝန်များသည် "သမားဇာနည် အောင်စစ်သည်" ဟူသောဆောင်ပုဒ်ကို လက်ကိုင်ပြု၍ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝသည့် ဆေးတပ်ဖွဲ့အရာရှိကောင်းများအဖြစ် ခံယူထားကြ၏။ ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့မှ ဆေးဝါးကုသရန်ခက်ခဲသည့် မည်သည့်လူမျိုး၊ ဘာသာဟူ၍ မခွဲခြား ပုဂ္ဂိုလ်အတန်းအစားမရွေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများကိုသာမက လိုအပ်ချက်အပေါ်မူတည်၍ ယာယီကုသရေးဆေးရုံများကို ပြင်ဆင်ဆောင်ရွက် ကုသပေးနေသည်ကို တွေ့ရှိရသည်။ အလားတူပင် ဒေသခံပြည်သူများက လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံခဲ့သော မိုးကောင်းမြို့နယ်၊ ဆားမော်တိုက်နယ်ဆေးရုံ၊ မန်တုံပြည်သူ့ဆေးရုံ၊ ဇုတ်သုတ်တိုက်နယ်ဆေးရုံ၊ မော်လိုက်၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့နယ် ပြည်သူ့ဆေးရုံ၊ ဟံဇား၊ ယင်းတော်တိုက်နယ် ဆေးရုံ၊ ကျောက်တံခါး ပြည်သူ့ဆေးရုံ၊ ဒုံဇရစ်တိုက်နယ်ဆေးရုံ စသည့် နေရာ ၄၅ နေရာသို့သွားရောက်၍ တပ်မတော်သား ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် စနစ်တကျစုဖွဲ့၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့နယ်ပယ်စုံမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည့် ဖေဖော်ဝါရီလ ၅ ရက်နေ့မှ မေလ ၆ ရက်နေ့အထိ ပြင်ပလူနာ ၁၈၇,၉၂၄ ဦး၊ အတွင်းလူနာ ၅၈,၅၉၂ ဦးတို့ကို လက်ခံကုသပေးလျက်ရှိပြီး ၎င်းအနက်မှ အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၈,၇၆၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄,၄၇၆ ဦး စုစုပေါင်း ၁၃,၂၄၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။ ထို့အပြင် မီးဖွားလူနာ ၄,၅၃၀ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၆,၈၄၉ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ရာ ယနေ့အထိ အနာဂတ်တွင် ဖူးငုံစီစွာဖြင့် ပွင့်လန်းလာမည့် မျိုးဆက်သစ်ကလေးငယ်ပေါင်း ၁၁,၃၇၉ ဦး တို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

### လာရောက်ဆေးကုသလျက်ရှိ

တပ်မတော်၏ မှန်ကန်သောစိတ်ထား၊ ထားရှိသော စေတနာ၊ လက်တွေ့ဖြစ်သော ကရုဏာတို့ကြောင့် အနယ်နယ်အရပ်ရပ်ရှိ ရဟန်း၊ ရှင်လူများက နေ့စဉ်နေ့တိုင်း တပ်မတော်ဆေးရုံများတွင် လာရောက်ဆေးကုသလျက် ရှိနေသည်။ အချိန်နှင့်အမျှ ရောဂါဝေဒနာသက်သာရာရစေရန်နှင့် အသက်အန္တရာယ်အတွက် စိုးရိမ်ရသော အခြေအနေ ကြုံတွေ့ရသူလူနာများအတွက် တပ်မတော်ဆေးရုံများသည် နားခိုရာ နိဗ္ဗာန်ဘုံတစ်ခုသို့ဖြစ်ချေသည်။ **"ကိုယ်အားထုတ်ပြု၊ ကိုယ့်အမှုကြောင့်၊ ရောက်မှုထက်အောက်၊ မဖောက်မမှန်၊ လောကခံတွင် ဇောန်ဖြစ်ရိုးပင်"** စာသားအတိုင်း မည်သို့သော အလုပ်ကိုမဆို ရှေ့ဆောင်ထားသင့်သော စေတနာမွန်ဖြင့်သာ ထမ်းဆောင်သင့်ပေသည်။ လူဖြစ်လာရသောဘဝတွင် သစ္စာတရားလည်း ပျက်သုဉ်း၊ ဂုဏ်သိက္ခာလည်းကျဆုံးနေလျှင် လူ့ဘဝသည် အနှစ်သာရ ကင်းမဲ့နေချေသည်။ မည်သို့သော အခြေအနေမျိုးတွင်မဆို **တပ်မတော်ဆေးတပ်ဖွဲ့ ကျန်းမာရေးဝန်ထမ်းများက** သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ ပီသစွာ နိုင်ငံ့တာဝန်ကို သစ္စာမပျက် ကျေပွန်ချင်သည်ဆိုသောစိတ်ဖြင့် ကျန်းမာရေးလုပ်ငန်းကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်နေပေဦးမည်ဟု ယုံကြည်မိပါတော့သည်။

---

*❍ ကျောဖုံးမှ*

ဟာလန်း၊ ဆန်ချို၊ ရူးစ်၊ ဟမ်းမဲလ်၊ ဘယ်လင်ဂမ်စသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ အဖွင့်ဂိုးကို ဒေါ့မွန်အသင်းက ပွဲအစ ငါးမိနစ်တွင် ရရှိခဲ့ပြီး ဆန်ချိုက သွင်းယူပေးနိုင်ခဲ့သည်။ လိုက်ပ်ဇစ်အသင်းသည် ဒေါ့မွန်အသင်းကို ဖိအားပေး ကစားနိုင်ခဲ့သည်ဆိုသော်ငြား ဦးဆောင်ဂိုးများကို ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။ ဒေါ့မွန်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၂၈ မိနစ်တွင် ရူးစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဟာလန်းက သွင်းယူပေးနိုင်ခဲ့သည်။ ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် ဒေါ့မွန်အသင်း တတိယဂိုးရရှိခဲ့ပြီး ရူးစ်၏ ဖန်တီးပေးမှုမှပင် ဆန်ချိုက သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် ဒေါ့မွန်အသင်းက ပထမပိုင်းတွင် လိုက်ပ်ဇစ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် လိုက်ပ်ဇစ်အသင်းသည် လူစားလဲမှုများ ပြုလုပ်လာခဲ့ပြီး ဒေါ့မွန်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ပွဲချိန် ၇၁ မိနစ်တွင် လိုက်ပ်ဇစ်အသင်းက ချေပဂိုးရရှိခဲ့ပြီး အိုလ်မိုက သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် လိုက်ပ်ဇစ်အသင်း၏ စုစုပေါင်းဂိုးကန်သွင်းမှု အကြိမ်ရေသည် ဒေါ့မွန်အသင်းထက် ထက်ဝက်ခန့် ပိုများခဲ့သော်လည်း အဆုံးသတ်မသေချာမှု၊ ဒေါ့မွန်ဂိုးသမား လက်စွမ်းပြ ကာကွယ်နိုင်မှုတို့ကြောင့် လိုအပ်နေသည့် ဂိုးများကို မမြင်တွေ့ခဲ့ရခြင်း ဖြစ်သည်။ ဒေါ့မွန်အသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် ဆန်ချို၏ ဖန်တီးပေးမှုမှတစ်ဆင့် ဟာလန်းက သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော ဟာလန်းသည် ယခုနှစ်ရာသီဒေါ့မွန်အသင်းအတွက် ပြိုင်ပွဲစုံ ၃၈ ပွဲတွင် သွင်းဂိုး ၃၇ ဂိုးအထိ သွင်းယူပေးထားသည်။

ဒေါ့မွန်အသင်းမှ ဆန်ချိုသည် ယနေ့ပွဲစဉ်တွင် အထူးခြေစွမ်းပြသထားနိုင်ပြီး သွင်းဂိုးနှစ်ဂိုးလည်း သွင်းယူပေးခဲ့သည်။ **အောင်ဇော်**

# အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကိုတိုက်ခိုက်မှုများပြုလုပ်မည်


အစ္စရေးနှင့် ပါလက်စတိုင်း နှစ်ဖက်စလုံးမှ အပြန်အလှန်ပစ်ခတ်နေမှုများကို တွေ့ရစဉ်။

**ဂျေရုဆလင် မေ ၁၄**

**အစ္စရေးမြေပြင်တပ်များက လေတပ်နှင့်အတူ ဂါဇာကမ်းမြောင်ဒေသကိုတိုက်ခိုက်မှုများပြုလုပ်မည်ဟု အစ္စရေးတပ်ဖွဲ့ကကြေညာခဲ့သည်။ အဆိုပါစစ်ဆင်ရေးကို တွစ်တာပေါ်တွင် အစ္စရေးတပ်ဖွဲ့ကကြေညာခဲ့သည်။**

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ရန်လိုမှုများမှာ မေ ၁၄ ရက်တွင် ငါးရက်ဆက်တိုက်ရှိလာပြီဖြစ်သည်။ ဟားမားစ်အဖွဲ့က ထိန်းချုပ်ထားသည့် ဂါဇာဒေသတွင် သေဆုံးသူအရေအတွက်မှာ ကလေးများ အပါအဝင် ၁၀၃ ဦးအထိရှိလာပြီ ဖြစ်သည်။

အစ္စရေးနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် တဲအဗစ်မြို့နှင့် အစ္စရေးနိုင်ငံ၏ အခြားအစိတ်အပိုင်းများကို ဟားမားစ်တို့က နေ့စဉ်ဒုံးကျည်များဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ခုနစ်ဦးရှိပြီ ဖြစ်သည်။ အစ္စရေးတပ်ဖွဲ့အနေဖြင့် အရန်တပ်ဖွဲ့ဝင် ၁၆၀၀၀ ခေါ်ယူခွင့်ကိုလည်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့သည်ဟု အစ္စရေးမီဒီယာများတွင် ဖော်ပြကြသည်။ လက်ရှိအခြေအနေများမှာ ဧပြီလလယ်ပိုင်းမှစတင်၍ ဂျေရုဆလင်တွင် ဖြစ်ပေါ်ခဲ့သည့် တင်းမာမှုများကြောင့် အခြေအနေမတည်မငြိမ်မှုများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာသို့ စစ်ချီတက်မှုကြောင့် လူပေါင်း ၂၀၀၀ ကျော်သေဆုံးခဲ့ရသည်။ ၂၀၀၈ ခုနှစ်တွင် သုံးပတ်အကြာပဋိပက္ခကြောင့် အစ္စရေးတို့ဘက်မှ လေတပ်နှင့် မြေပြင်တပ်များ ပူးပေါင်းတိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသတွင် လူပေါင်း ၁၃၀၀ အသတ်ခံခဲ့ရသည်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

ယခုသီတင်းပတ်အတွင်း လုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် သီးသန့်တွေ့ဆုံခဲ့ပြီးဖြစ်သည်။ သို့သော်လည်း အများပြည်သူကို ကြေညာချက်ထုတ်ပြန်နိုင်သည့်အတွက် သဘောတူညီမှု မရခဲ့ပေ။

ဆင်ဟွာ

## ကာကွယ်ဆေးအပြည့်ထိုးပြီးသား အမေရိကန်များ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန်မလို

**ဝါရှင်တန် မေ ၁၄**


အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

အမေရိကန်နိုင်ငံတွင် ကာကွယ်ဆေး အပြည့်ထိုးပြီးသူများ အချို့သော အခြေအနေများတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန်မလိုဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ထုတ်ပြန်သည့် လမ်းညွှန်ချက်အသစ်ကို ကိုးကား၍ အမေရိကန်သမ္မတက မေ ၁၃ ရက် အိမ်ဖြူတော်၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ လမ်းညွှန်ချက်အရ အပြည့်အဝကာကွယ်ဆေးထိုးပြီးသူများမှာ ပြင်ပသွားလာရာနှင့် အဆောက်အအုံ အပြင်ဘက်ထွက်သည့်အခါမျိုးတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် မလိုအပ်တော့ဟု ဖော်ပြထားသည်။ သို့သော်လည်း အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကိုအသုံးပြုသည့်အခါတွင်မူ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်သည်။

ယခုလို ကြေညာနိုင်ခြင်းမှာ မှတ်တိုင်တစ်ခုပင် ဖြစ်ကြောင်း ပြည်သူများပုံမှန် လူနေမှုဘဝပြန်လည်ရောက်ရှိစေရေး အတွက် ခြေလှမ်း တစ်ရပ်ပင်ဖြစ်သည်ဟု သမ္မတဂျိုးဘိုင်ဒင်က ပြောသည်။

အမေရိကန် ပြည်ထောင်စုတွင် အသက် ၁၈နှစ်နှင့် အထက် လူပေါင်း ၅၈ ဒသမ ၉ ရာခိုင်နှုန်းမှာ အနည်းဆုံး တစ်ကြိမ်ကာကွယ်ဆေးထိုးပေးပြီး ဖြစ်သည်။ နှစ်ကြိမ်စလုံးအပြည့်အဝကာကွယ်ဆေးထိုးပြီးသူ ၄၅ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ပြည်သူများအနေဖြင့် စောစီးစွာ ကာကွယ်ဆေးထိုးနှံမှုကို ခံယူရန် ဘိုင်ဒင်က ပြည်သူများအား တိုက်တွန်းခဲ့သည်။

အင်န်အိတ်ချ်ကေ

## ဓာတ်ဆီသိုလှောင်ခြင်း မပြုကြရန် အမေရိကန်သမ္မတ တောင်းဆို

**နယူးယောက် မေ ၁၄**

အမေရိကန်တွင် ပြည်သူများ ဓာတ်ဆီ သိုလှောင်ခြင်းမှ ရှောင်ရှားကြရန်နှင့် တိုင်းပြည်၏ အကြီးဆုံး ပိုက်လိုင်းလည်ပတ်မှုများကို ဆိုက်ဘာတိုက်ခိုက်မှု အပြီးတွင် ပြန်လည်စတင်ပြီ ဖြစ်သည့်အတွက် စိတ်ရှည်ကြရန်လည်း အမေရိကန်သမ္မတက ပြောကြားခဲ့သည်။

ကိုလိုနီရယ် ပိုက်လိုင်း ကုမ္ပဏီမှာ ဆိုက်ဘာတိုက်ခိုက်ခံရပြီးနောက် ပြန်လည်လည်ပတ်နိုင်ပြီး တစ်ရက်အကြာတွင် သမ္မတ ဂျိုးဘိုင်ဒင်က သတင်းစာရှင်းလင်းပွဲအတွင်း ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။


ဓာတ်ဆီဆိုင်တွင် စောင့်ဆိုင်းနေသည့် ကားတန်းရှည်ကြီးကို တွေ့ရစဉ်။

### လိုသလောက်သာဝယ်

လာမည့် ရက်များအတွင်း လိုအပ်သလောက်သာ ဝယ်ယူကြရန်နှင့် မလိုအပ်ဘဲ မဝယ်ကြရန်လည်း သမ္မတဘိုင်ဒင်က တိုက်တွန်းထားသည်။

### တန်းစီစောင့်ဆိုင်းကြရ

ယာယီ ပြတ်တောက်မှုကြောင့် ဓာတ်ဆီဈေးများ ကြီးမြင့်လာပြီး ဆီဆိုင်များတွင် ကားတန်းရှည်ကြီးဖြစ်သည်အထိ တန်းစီစောင့်ဆိုင်းကြရသည်။

ဆင်ဟွာ

## အမေရိကန်ပြည်ထောင်စုတွင် သေနတ်ပစ်ခတ်မှုကြောင့် ကိုးဦးဒဏ်ရာရပြီး သုံးဦးစိုးရိမ်ရ

**ဝါရှင်တန် မေ ၁၄**

ရှဒ်အိုင်းလန်းပြည်နယ်အရှေ့ပိုင်းမြို့တွင် မေ ၁၃ ရက်က ဖြစ်ပွားခဲ့သည့်သေနတ်ပစ်ခတ်မှုကြောင့် အမျိုးသမီးများ အပါအဝင် အသက် ၁၉ နှစ်နှင့် ၂၅ နှစ်ကြား လူကိုးဦးမှာ ဒဏ်ရာရရှိခဲ့သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

ပစ်ခတ်မှုမှာ ကြုံရာကျပန်း ပစ်ခတ်သွားခြင်းမဟုတ်ဘဲ အုပ်စုနှစ်စုကြား ခိုက်ရန်ဖြစ်ပွားရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု သိရသည်။ အခင်းဖြစ်ပွားရာတွင် ပါဝင်ခဲ့သူတိုင်းကို ကောင်းမွန်စွာကိုင်တွယ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း ရဲများက ပြောသည်။

အုပ်စုတစ်စုက ကားထဲမှနေ၍ ပစ်ခတ်သွားခြင်းဖြစ်ပြီး အပစ်ခံရသည့်အုပ်စုမှာမူ နေအိမ်အတွင်း ရှိနေခြင်းဖြစ်သည်။ ၎င်းတို့ကို ရဲများက ကောင်းကောင်းသိသည်ဟုလည်း ပြောသည်။ ယခုအချိန်အထိ ဖမ်းဆီးမှုများ မလုပ်ဆောင်ရသေးဟု ရဲများက ပြောသည်။ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်ဆဲဖြစ်သည်ဟု သိရသည်။

ဆင်ဟွာ

## ဗီဇပြောင်း ကိုဗစ် -၁၉ အန္တရာယ်ကြောင့် အိုမန်၊ ယူအေအီးတို့မှ လာမည့်ခရီးသည်များကို ဖိလစ်ပိုင်က ပိတ်ပင်ထား

**မနီလာ မေ ၁၄**

အိန္ဒိယတွင် ကူးစက်ပြန့်ပွားနေသည့် ဗီဇပြောင်း ကိုဗစ်-၁၉ အန္တရာယ်ကြောင့် ဖိလစ်ပိုင်နိုင်ငံသည် အိုမန်နှင့် ယူအေအီးနိုင်ငံတို့မှ လာရောက်သည့်ခရီးသည်များကို ပိတ်ပင်သွားမည်ဟု သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဟာရီရုဒ်က မေ ၁၄ ရက်တွင် ပြောသည်။

အိုမန်နှင့် ယူအေအီးမှ လာသည့်ခရီးသွားများအားလုံးနှင့် အဆိုပါနိုင်ငံများသို့ ၁၄ ရက်အတွင်း ခရီးသွားရာဇဝင်ရှိထားသူများကို ဖိလစ်ပိုင်နိုင်ငံသို့ ပြည်ဝင်ခွင့် မေ ၁၅ ရက်မှစတင်ကာ ပိတ်ပင်သွားမည်ဟု ၎င်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံတို့မှ ခရီးသွားများကိုလည်း နောက်ထပ် နှစ်ပတ်ပိတ်ပင်သွားရန် ဆက်လက်ဆုံးဖြတ်ခဲ့သည်။

လွန်ခဲ့သည့်လအတွင်း ယူအေအီးနှင့် အိုမန်နိုင်ငံတို့မှလာသည့် သင်္ဘောသားနှစ်ဦးတွင် အိန္ဒိယ၌ တွေ့ရှိရ သည့် ဗီဇပြောင်းကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း ဖိလစ်ပိုင်က ထောက်လှမ်းတွေ့ရှိခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၁၂၄၇၂၄ ဦးရှိပြီး သေဆုံးသူ ၁၈၈၂၁ ဦးရှိသည်ဟု သိရသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၄ သန်း ကျော်လွန်

နယူးဒေလီ မေ ၁၄

**အိန္ဒိယနိုင်ငံတွင် မတ် ၁၄ ရက် က ကိုဗစ်-၁၉ ထပ်မံကူးစက် ဖြစ်ပွားသူ ၃၄၃၁၄၄ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၂၄ သန်း ကျော်လွန်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြသည်။**

ကိုဗစ်-၁၉ ကြောင့် ထပ်မံ သေဆုံးသူ ၄၀၀၀ ကျော်လွန်လာမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၂၆၂၃၁၇ ဦး ရှိလာပြီဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားနေသူ ၃၇၀၄၈၉၃ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၆၃၂ ဦး ကျဆင်းခဲ့သည်။ စုစုပေါင်း ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းသွားသူပေါင်း ၂၀၀၇၉၅၉၉ ဦး ရှိလာပြီဖြစ်သည်။



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

အိန္ဒိယတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်မြင့်တက်လျက်ရှိသည်။ သို့သော်လည်း အစိုးရက တစ်နိုင်ငံလုံးအနှံ့ ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်မည် မဟုတ်သေးသော်လည်း ပြည်နယ်အများစုတွင် ညမထွက်ရ အမိန့်များနှင့် တစ်စိတ်တစ်ပိုင်း ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။ မြို့တော်ဒေလီတွင် သုံးကြိမ်ဆက်တိုက် ကန့်သတ်ပိတ်ဆို့မှုကို မေ ၁၇ ရက်အထိ ချမှတ်လိုက်သည်။

အိန္ဒိယနိုင်ငံတွင် ဇန်နဝါရီ ၁၆ ရက်က တစ်နိုင်ငံလုံးအဆင့် ကာကွယ်ဆေးထိုးခြင်းကိုစတင်ခဲ့သည်။ ယခုအချိန်အထိ လူဦးရေ ၁၇၉ သန်းကျော် ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားကော်မတီအရာရှိနှင့်ဝန်ထမ်းများ တိုကျိုအားကစားပွဲတော်သို့ လာရောက်မည့် အရေအတွက်များကို လျှော့ချ

တိုကျို မေ ၁၄

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားကော်မတီက တိုကျိုအားကစားပွဲတော်သို့ လာရောက်မည့် အရာရှိအရေအတွက်ကို ၆၀ ရာခိုင်နှုန်းအထိလျှော့ချရန် စီစဉ်ထားကြောင်း ပြောသည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားကော်မတီက အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့အစည်းများ၏ အဆင့်မြင့်အရာရှိအရေအတွက်ကို လျှော့ချမည်ဖြစ်သော်လည်း ပြိုင်ပွဲများအတွက် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည့်တာဝန်ရှိသူအရေအတွက်ကို ပုံမှန်အတိုင်း ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ပြောသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားကော်မတီက တိုကျိုသို့ လာမည့် ၎င်း၏ဝန်ထမ်းအင်အားကိုလည်း ၂၅ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း ပြောသည်။

အားကစားသမား ၇၀ ရာခိုင်နှုန်းအတွက် အိပ်စင်များလည်း စိတ်ချရသော အနေအထားတွင်ရှိကြောင်း၊ အားကစားပြိုင်ပွဲကြီးကို ဘေးအန္တရာယ်ကင်းကင်းနှင့် ကျင်းပနိုင်ရန် ကြိုးစားနေကြောင်း၊ ဖြစ်နိုင်သမျှသောဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားကော်မတီဥက္ကဋ္ဌ အန်းဒရူးက ပြောသည်။

အင်န်အိတ်ချ်ကေ




အပြည်ပြည်ဆိုင်ရာမသန်စွမ်းအားကစားကော်မတီဥက္ကဋ္ဌ အန်းဒရူးကို တွေ့ရစဉ်။

# စင်ကာပူတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၆၁၅၀၅ ဦးရှိ

**စင်ကာပူ မေ ၁၄**

စင်ကာပူကျန်းမာရေးဝန်ကြီးဌာနမှ မေ ၁၄ ရက်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၂ ဦးရှိကြောင်း ဖော်ပြလိုက်မှုနှင့်အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၆၁၅၀၅ ဦးအထိ တိုးလာခဲ့သည်။

**ပြည်တွင်းကူးစက်မှု**

ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်မှုများအနက် ၂၈ မှုမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၂၄ မှုမှာ ပြည်တွင်းကူးစက်မှု ဖြစ်သည်။

မေ ၁၄ ရက်က ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းသွားသူ ၁၈ ဦးတိုးလာမှုနှင့်အတူ ကိုဗစ်-၁၉ ပြန်လည်ကောင်းမွန်လာသူပေါင်း ၆၁၀၄၇ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

**သေဆုံးသူ ၃၁ ဦးအထိ ရှိလာ**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် နိုင်ငံအတွင်း စုစုပေါင်း သေဆုံးသူ ၃၁ ဦးအထိ ရောက်ရှိလာသည်။

ဆင်ဟွာ

..................................

# ဗြိတိန်တစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၂၇၆၆၈ ဦးရှိလာ

**ဗြိတိန် မေ ၁၄**

ဗြိတိန်တွင် နောက်ထပ် ၂၁၉၃ ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားကြောင်း စစ်ဆေးတွေ့ရှိမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၄၄၄၆၈၂၄ ဦးအထိရောက်ရှိလာကြောင်း တရားဝင်စာရင်းဇယားများအရ သိရသည်။

နောက်ထပ် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၇ ဦးအပါအဝင် ဗြိတိန်တစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၁၂၇၆၆၈ ဦးအထိ ရောက်ရှိသည်။

**လေးဦး သေဆုံးခဲ့**

အိန္ဒိယနိုင်ငံတွင် ပထမဆုံးတွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ အသွင်ပြောင်းဗိုင်းရပ်စ်ကြောင့် ဗြိတိန်တွင် လေးဦးသေဆုံးခဲ့သည်။

အသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် လွန်ခဲ့သော သီတင်းပတ်က မှတ်တမ်းတင်ခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၂၀ ၏ နှစ်ဆကျော် ၁၃၁၃ ဦးအထိ မြင့်တက်လာသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၃၃ ဦးတိုးလာ

**ဂျကာတာ မေ ၁၄**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ တစ်နေ့အတွင်း ၂၆၃၃ ဦး တိုးလာပြီးနောက်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၇၃၄၂၈၅ ဦးရောက်ရှိလာသည်။ ထို့အတူ ၁၀၇ ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၄၇၈၂၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ၃၈၀၇ ဦးဆေးရုံမှဆင်းလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၅၉၂၈၈၆ ဦးရှိလာသည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် နိုင်ငံအတွင်းရှိ ပြည်နယ်ပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့လျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဂျကာတာ၌ ကိုဗစ် - ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၃၂ ဦး၊ အနောက်ဂျာဗားတွင် ၆၁၀၊ အလယ် ဂျာဗားတွင် ၁၆၂ ဦး၊ အရှေ့ဂျာဗားတွင် ၁၄၁ ဦးနှင့် ရီယူတွင် ၁၁၂ ဦးဖြစ်သည်။

ဆင်ဟွာ



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ၌ ကျန်းမာရေးဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးရန် ဆေးပမာဏကို ပြင်ဆင်နေစဉ်။

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ မေ ၁၀ ရက်မှ ၁၄ ရက်အထိ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ငွေကျပ် ၁၃ ဒသမ ၄၁၁ သန်း** ဖြစ်သည်။ မေ ၁၄ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၁၀–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၇၈၉,၁၅၃,၁၁၅.၃၉ |
| (+) ၁၀–၅–၂၀၂၁ မှ ၁၄–၅–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၁၃,၄၁၀,၅၀၀. ၀၀ |
| ၁၄–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၈၀၂,၅၆၃,၆၁၅.၃၉ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်းအမေရိကန်ဒေါ်လာ**

| | |
|---|---|
| ၁၀–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၁၀–၅–၂၀၂၁ မှ ၁၄–၅–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| ၁၄–၅–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

**(၁၀.၅.၂၀၂၁ ရက်နေ့မှ ၁၄.၅.၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၂-၅-၂၀၂၁ | ၁၂,၀၄၀,၅၀၀ |
| ၁ | ဦးညွန့်လှိုင်+၁ (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၂ | U Thein Han (VIP, UMFCCI)+ Daw Khin Khin Aye , Son-Kyaw Soe Han | ၂,၇၈၆,၀၀၀ |
| ၃ | Andy Tun +Tin Zar Aye Han-Tun+Thamee Lay Xandra Tun (USA) | ၂၀၈,၉၅၀ |
| ၄ | Memorial of the deceased U Aung Soe Kyaw from Family in Daly City , USA | ၄၁၇,၉၀၀ |
| ၅ | Win Htaik +Tin Tin Khine , Daughter Cindy Lim, USA | ၁၃၉,၃၀၀ |
| ၆ | Saw Lenn +Aye Ni and Family , USA | ၁၃၉,၃၀၀ |
| ၇ | U Khin Nu +Daw Khin Win, Daughter Su Su Yin , USA | ၁၃၉,၃၀၀ |
| ၈ | U Soe Paing +Daw Mu Mu Tha and Family , USA | ၂၀၈,၉၅၀ |
| ၉ | Dr.Kyaw Soe Myint + Ma Kay Khine and Family , USA | ၂၇၈,၆၀၀ |
| ၁၀ | U Mya Han +Daw Thida Myint and Family , USA | ၁၃၉,၃၀၀ |
| ၁၁ | U Aung Soe Han +Daw Win Win Kyi and Family , USA | ၁၃၉,၃၀၀ |
| ၁၂ | Aaron Gao + Khin Thandar Soe, USA | ၁၃၉,၃၀၀ |
| ၁၃ | U Tin Pe and Family, USA | ၁၃၉,၃၀၀ |
| ၁၄ | Thiha Than + Mar Mar Nyunt and Family, USA | ၁၃၉,၃၀၀ |
| ၁၅ | U Thiha Zaw + Khin Thida Win Family, USA | ၁၃၉,၃၀၀ |
| ၁၆ | Yan Naung Soe Han + Kathy Khine and Family, USA | ၁၃၉,၃၀၀ |
| ၁၇ | Shar La Paung +Htunt Hti Ywa and Has Shar Htunt Dee, USA | ၁၃၉,၃၀၀ |
| ၁၈ | U Mg Mg Aye, Khin Zaw Htoo +Mandy May Hnin Aye and Thamee Thea, USA | ၂၇၈,၆၀၀ |
| ၁၉ | Ah fen and Family, USA | ၂၇၈,၆၀၀ |
| ၂၀ | Tony, Shirley & Baby Eddie Zitek,USA | ၁၃၉,၃၀၀ |
| ၂၁ | Jimmy+ Kelly chao and Family ,USA | ၁၃၉,၃၀၀ |
| ၂၂ | Myo Thant,USA | ၁၃၉,၃၀၀ |
| ၂၃ | Salai Tuan Ling Thang and Family, USA | ၁၃၉,၃၀၀ |
| ၂၄ | U Tin Win +Daw Ni, Ni Ni Win, Dr Yin Yin Win, Dr. Tin Mg Ni+ Chawmay Aye , | ၁၃၉,၃၀၀ |
| | Son Peter (New York) | |
| ၂၅ | Min Swe +Thi Thi Win and Family , USA | ၁၃၉,၃၀၀ |
| ၂၆ | Mr.St Paul ,USA | ၂၇၈,၆၀၀ |
| ၂၇ | Ko Khin Mg Mg,USA | ၁၃၉,၃၀၀ |
| ၂၈ | Ko Aung Than Win + Ma Wai Nu (Minnesota) ,USA | ၁၃၉,၃၀၀ |
| ၂၉ | U Myint Ngwe + Daw Mi Mi Hlaing, USA | ၁၃၉,၃၀၀ |
| ၃၀ | Ko Nyunt Win + Daw Yee Yee Zaw , Daughter Khin Chan Myae Thu,USA | ၂၀၈,၉၅၀ |
| ၃၁ | Karen Grocery LLC ,USA | ၂၇၈,၆၀၀ |
| ၃၂ | Thinn Thinn Sein and Family, USA | ၁၃၉,၃၀၀ |
| ၃၃ | Memorial of the deceased U Myint Soe from Wife Daw San Khin & Family, USA | ၂၀၈,၉၅၀ |
| ၃၄ | U Soe Myint + Jennifer and Family, USA | ၁၃၉,၃၀၀ |
| ၃၅ | Khin Cho Thaung(Maryland),USA | ၁၃၉,၃၀၀ |
| ၃၆ | Ruby Land Construction,USA | ၂၇၈,၆၀၀ |
| ၃၇ | Ko Thant Zin + Win Sandar Phyo , Daughter Jade C.Zin,USA | ၁၃၉,၃၀၀ |
| ၃၈ | Sein Pe and Tin Myint, USA | ၁၃၉,၃၀၀ |
| ၃၉ | ကိုသီဟာဝေ+မနိုင်သင်းအေး သား-မောင်ဟိန်းသုတထူး မိသားစု (Las Vegas) | ၁၃၉,၃၀၀ |
| ၄၀ | U Khin Maung, Daw Kyi Wong, George Kyi and Amada Pan ,USA | ၂၀၈,၉၅၀ |
| ၄၁ | Phillip+Nancy Chu Family ,USA | ၁၃၉,၃၀၀ |
| ၄၂ | Aung Aung and Shukyu, USA | ၄၁၇,၉၀၀ |
| ၄၃ | Si Thu Win(ကြံခင်း),USA | ၆၉၆,၅၀၀ |
| ၄၄ | Maung Maung + Khin Myot Myot, USA | ၂၇၈,၆၀၀ |
| ၄၅ | Win Thein Mg +Khin Thida Thein One Year Anniversary USA | ၂၇၈,၆၀၀ |
| ၄၆ | စောအဲနိုင်း+နန်းအိန်ဟိဖေါင် မိသားစု ,USA | ၂၀၈,၉၅၀ |
| ၄၇ | Ahpwe Wong +Hwee Lim Family, USA | ၁၃၉,၃၀၀ |
| ၄၈ | Richard+ Winnie Lee Daughter - Kayla ၊ Kimberly Family, USA | ၁၃၉,၃၀၀ |
| | | |
| | ၁၃-၅-၂၀၂၁ | ၁,၃၂၀,၀၀၀ |
| ၁ | ဒေါ်သင်းသင်း (ဘုတလင်မြို့နယ်) | ၁,၃၂၀,၀၀၀ |
| | | |
| | ၁၄-၅-၂၀၂၁ | ၅၀,၀၀၀ |
| ၁ | ဒေါ်အေးချမ်း (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| | | |
| | (၁၀-၅-၂၀၂၁ ရက်နေ့မှ ၁၄-၅-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၁၃,၄၁၀,၅၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာ ဖော်ပြထားခြင်း ဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများ ဖြစ်ပါသည်။

COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## ၁၄-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၆၂၆၄၀၂ | ၂၆၆၆၇၁၉၉ | ၅၉၈၅၄၁ |
| ၂။ | အိန္ဒိယ | ၂၄၀၄၆၈၀၉ | ၂၀၀၇၉၅၉၉ | ၂၆၂၃၅၀ |
| ၃။ | ဘရာဇီး | ၁၅၄၃၆၈၂၇ | ၁၃၉၇၉၃၂၉ | ၄၃၀၅၉၆ |
| ၄။ | ပြင်သစ် | ၅၈၄၁၁၂၉ | ၄၉၉၉၀၇၉ | ၁၀၇၂၅၀ |
| ၅။ | တူရကီ | ၅၀၈၃၉၉၆ | ၄၈၅၆၇၆၃ | ၄၄၀၅၉ |
| ၆။ | ရုရှား | ၄၉၂၂၉၀၁ | ၄၅၃၇၆၃၄ | ၁၁၅၁၁၆ |
| ၇။ | ဗြိတိန် | ၄၄၄၄၆၃၁ | ၄၂၅၈၂၉၈ | ၁၂၇၆၅၁ |
| ၈။ | အီတလီ | ၄၁၃၉၁၆၀ | ၃၆၆၉၄၀၇ | ၁၂၃၇၄၅ |
| ၉။ | စပိန် | ၃၅၉၈၄၅၂ | ၃၂၉၇၃၄၀ | ၇၉၂၈၁ |
| ၁၀။ | ဂျာမနီ | ၃၅၇၅၆၄၄ | ၃၂၅၉၀၀၀ | ၈၆၂၇၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

**၁၄ - ၅ - ၂၀၂၁**

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၃၄၂၈၅ | ၁၅၉၂၈၈၆ | ၄၇၈၂၃ |
| ဖိလစ်ပိုင် | ၁၁၃၁၄၆၇ | ၁၀၅၃၅၂၃ | ၁၈၉၅၈ |
| မလေးရှား | ၄၆၂၁၉၀ | ၄၁၈၈၉၇ | ၁၈၂၂ |
| မြန်မာ | ၁၄၃၀၃၅ | ၁၃၂၀၇၂ | ၃၂၁၂ |
| ထိုင်း | ၉၆၀၅၀ | ၆၂၃၁၆ | ၅၄၈ |
| စင်ကာပူ | ၆၁၅၀၅ | ၆၁၀၂၉ | ၃၁ |
| ကမ္ဘောဒီးယား | ၂၁၄၉၉ | ၉၈၆၇ | ၁၄၇ |
| ဗီယက်နမ် | ၃၈၁၆ | ၂၆၅၇ | ၃၅ |
| လာအို | ၁၄၉၈ | ၅၁၃ | ၂ |
| ဘရူနိုင်း | ၂၃၂ | ၂၂၀ | ၃ |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခြင်း

၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မွန်ပြည်နယ်၌ မဲဆန္ဒရှင် စုစုပေါင်း ၁၈၄၇၇၈၀ ဦးရှိသည့်အနက် ၁၀၆၈၅၂၅ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၅၇.၈၃ ရာခိုင်နှုန်းရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၁၅ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
( ခ ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
( ဂ ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
(ဃ) ကရင်ပြည်သူ့ပါတီ၊
( င ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
( စ ) ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊
(ဆ) ပြည်သူ့ရှေ့ဆောင်ပါတီ၊
( ဇ ) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊
( ဈ ) မွန်ညီညွတ်ရေးပါတီ၊
(ည) ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ၊
( ဋ ) အမျိုးသားတိုးတက်ရေးပါတီ၊
( ဌ ) ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၊
( ဍ ) ပြည်သူ့ပါတီ၊
( ဎ ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊
(ဏ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
(တ) တစ်သီးပုဂ္ဂလ။

၃။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၈၄၇၇၈၀ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၆၀၂၉၆၀ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၃၀၅၉၈၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့် အထက်ပါဝင်နေသူများမှာ ၁၃၀၀၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၇၄၂၆၈ ဦး ဖြစ်သည်။

၄။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မော်လမြိုင်မြို့နယ် | ၁၁၉ | ၂၄၈၁၄၅ | ၂၂၄၈၂၄ | ၃၅၃၅၂ | ၁၃၈၉ | ၂၁၂၆၄ |
| ၂ | ကျိုက်မရောမြို့နယ် | ၉၈ | ၁၈၃၆၈၅ | ၁၄၀၂၂၄ | ၅၈၂၈၆ | ၇၉၉ | ၁၃၃၈၆ |
| ၃ | မုဒုံမြို့နယ် | ၁၀၃ | ၁၈၂၃၀၂ | ၁၆၁၁၉၂ | ၂၀၂၄၇ | ၁၀၅၁ | ၁၅၈၇၈ |
| ၄ | ရေးမြို့နယ် | ၁၃၀ | ၂၃၅၅၉၂ | ၁၇၉၅၈၀ | ၅၂၅၈၃ | ၃၁၄၇ | ၂၆၇၆၀ |
| ၅ | ချောင်းဆုံမြို့နယ် | ၇၅ | ၁၃၂၅၅၂ | ၁၂၁၉၀၄ | ၉၇၃၀ | ၁၀၅၁ | ၁၄၈၁၆ |
| ၆ | သံဖြူဇရပ်မြို့နယ် | ၇၄ | ၁၅၁၃၈၁ | ၁၄၄၁၃၀ | ၂၃၀၈၆ | ၁၂၃၃ | ၁၆၃၃၀ |
| ၇ | သထုံမြို့နယ် | ၉၉ | ၂၁၂၂၅၅ | ၁၈၄၉၆၂ | ၃၅၄၁၆ | ၁၆၁၂ | ၂၁၁၂၀ |
| ၈ | ပေါင်မြို့နယ် | ၉၈ | ၂၁၃၈၈၈ | ၁၇၄၄၃၉ | ၃၁၂၃၇ | ၉၄၇ | ၁၇၂၇၀ |
| ၉ | ကျိုက်ထိုမြို့နယ် | ၉၅ | ၁၃၈၃၆၆ | ၁၂၇၆၃၇ | ၂၀၅၅၈ | ၁၁၁၇ | ၁၅၁၁၂ |
| ၁၀ | ဘီးလင်းမြို့နယ် | ၈၂ | ၁၄၉၆၁၄ | ၁၄၄၀၆၈ | ၁၉၄၉၂ | ၆၄၇ | ၁၂၃၃၂ |
| | စုစုပေါင်း | ၉၇၃ | ၁၈၄၇၇၈၀ | ၁၆၀၂၉၆၀ | ၃၀၅၉၈၇ | ၁၃၀၀၂ | ၁၇၄၂၆၈ |

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၆။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၁၀ မြို့နယ်တွင် မဲရုံပေါင်း ၉၇၃ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၀၂၃၇၇၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၃၉၂၉၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၉၈၄၄၈၁၊ မြေပြင်လက်ကျန် ၉၅၀၆၂၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၄၅၅၆၈ ဖြစ်ပြီး၊ အပိုတွေ့ရှိသော မဲလက်မှတ်အရေအတွက်မှာ ၁၁၇၁၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မော်လမြိုင်မြို့နယ် | ၁၁၉ | ၂၆၆၇၄၆ | ၁၅၃၇၃၇ | ၁၁၃၀၀၉ | ၁၁၀၆၉၉ | ၂၇၂၁ | ၄၁၁ |
| ၂ | ကျိုက်မရောမြို့နယ် | ၉၈ | ၂၀၄၉၉၅ | ၈၈၉၇၈ | ၁၁၆၀၁၇ | ၁၁၄၃၁၄ | ၃၂၉၂ | ၁၅၈၉ |
| ၃ | မုဒုံမြို့နယ် | ၁၀၃ | ၂၀၀၀၆၂ | ၁၀၁၂၅၇ | ၉၈၈၀၅ | ၉၇၈၁၃ | ၁၆၃၅ | ၆၄၃ |
| ၄ | ရေးမြို့နယ် | ၁၃၀ | ၂၄၄၄၂၁ | ၁၂၄၆၀၀ | ၁၁၉၈၂၁ | ၁၁၆၂၀၉ | ၅၂၈၈ | ၁၆၇၆ |
| ၅ | ချောင်းဆုံမြို့နယ် | ၇၅ | ၁၄၇၉၉၄ | ၇၃၂၀၇ | ၇၄၇၈၇ | ၇၄၇၆၂ | ၁၀၅၉ | ၁၀၃၄ |
| ၆ | သံဖြူဇရပ်မြို့နယ် | ၇၄ | ၁၆၅၉၉၄ | ၈၀၃၀၅ | ၈၅၆၈၉ | ၈၅၁၉၆ | ၂၅၅၃ | ၂၀၆၀ |
| ၇ | သထုံမြို့နယ် | ၉၉ | ၂၄၃၀၉၆ | ၁၁၈၈၈၇ | ၁၂၄၂၀၉ | ၁၁၃၃၉၃ | ၁၁၂၇၃ | ၄၅၇ |
| ၈ | ပေါင်မြို့နယ် | ၉၈ | ၂၃၅၂၂၄ | ၁၂၀၂၃၇ | ၁၁၄၉၈၇ | ၁၀၈၅၆၈ | ၁၀၁၈၈ | ၃၇၆၉ |
| ၉ | ကျိုက်ထိုမြို့နယ် | ၉၅ | ၁၄၉၇၄၀ | ၈၆၇၂၀ | ၆၃၀၂၀ | ၆၁၅၅၈ | ၁၄၇၅ | ၁၃ |
| ၁၀ | ဘီးလင်းမြို့နယ် | ၈၂ | ၁၆၅၅၀၄ | ၉၀၃၆၇ | ၇၄၁၃၇ | ၆၉၁၁၃ | ၆၀၈၄ | ၆၀ |
| | စုစုပေါင်း | ၉၇၃ | ၂၀၂၃၇၇၆ | ၁၀၃၉၂၉၅ | ၉၈၄၄၈၁ | ၉၅၀၆၂၅ | ၄၅၅၆၈ | ၁၁၇၁၂ |

၇။ မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ် ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ (က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၂၄၄၈၂၀ ဦး ပိုမိုများပြားနေပါသည်။

၈။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူ **၃၀၅၉၈၇** ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ “အခန်း(၆) မဲစာရင်းပြုစုခြင်း” ပါ ပုဒ်မ ၁၅ (ဂ)တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြား မဲဆန္ဒနယ်၏မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ” ဟု ပြဋ္ဌာန်းထားသော်လည်း မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၃၀၀၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၇၄၂၆၈ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရ**သဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

**မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ (က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းထက် ၂၄၄၈၂၀ ဦး ပိုမိုများပြားနေ**

စာမျက်နှာ ၁၆ သို့ ☆

☆ စာမျက်နှာ ၁၅ မှ

၉။ မွန်ပြည်နယ်၊ မြို့နယ် ၁၀ မြို့နယ်၏ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၁၀၆၈၅၂၅ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၀၃၉၂၉၅ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၂၉၂၃၀ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၄၅၅၆၈ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၁၇၁၂ စောင် တွေ့ရှိရခြင်း၊

(ဃ) ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများကို ရွေးကောက်ပွဲပြီးနောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ လာရောက်အပ်နှံခြင်း၊

(င) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(စ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ဆ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၀။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော မှားယွင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်-

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅ (ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း** မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကိုတွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ) အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ခ ) အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တို့တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဂ ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည်လည်း မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၁။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မြို့နယ် ၁၀ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် အထက်ပါစိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၃၀၀၂ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၁၇၄၂၆၈ ဦး တို့ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ**




ဘီးလင်းမြို့နယ်၌ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ပေါင်မြို့နယ်၌ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရ

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရ



သထုံမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့၏ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။






လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ တရားမဲ့လုပ်ဆောင်ခဲ့သော ဓာတ်ပုံမှတ်တမ်း။
(မုတ္တမကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)



လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ တရားမဲ့လုပ်ဆောင်ခဲ့သော ဓာတ်ပုံမှတ်တမ်း။
(ကျခတ်ငူကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)

မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရ

အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှ စတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီအောင်နိုင်ရေး အဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့



လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏
တရားမဲ့လုပ်ဆောင်ခဲ့သော ဓာတ်ပုံမှတ်တမ်း။
(မုတ္တမကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)

## ပန်းဆိုးတန်း-ဒလ ချယ်ရီကူးတို့ရေယာဉ် ခရီးစဉ်များကို ရုံးဖွင့်ရက်များတွင် ၃၃ ခေါက် ပြေးဆွဲပေး

**ရန်ကုန်  မေ ၁၄**

ခရီးသွားပြည်သူတို့ လိုအပ်ချက်နှင့်အညီ ရန်ကုန်မြို့ ပန်းဆိုးတန်း-ဒလ ချယ်ရီကူးတို့ရေယာဉ် ခရီးစဉ်ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနက ပြေးဆွဲပေးလျက်ရှိရာ လက်ရှိအချိန်တွင် ရုံးဖွင့်ရက်များ၌ တစ်ရက်လျှင် ၃၃ ခေါက်နှင့် ရုံးပိတ်ရက်များတွင် တစ်ရက်လျှင် ၂၁ ခေါက် ပြေးဆွဲပေးလျက်ရှိကြောင်း ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနရုံးမှ သိရသည်။

ကမ္ဘာ့ကပ်ရောဂါဖြစ်သော ကိုဗစ်-၁၉ ရောဂါ မတိုင်မီက ဒလမှ ရန်ကုန်မြို့သို့ အလုပ်အကိုင်လာရောက် လုပ်ကိုင်ကြသူများသောကြောင့် ချယ်ရီသင်္ဘောကူးတို့ ရေယာဉ်ခရီးစဉ်ကို တစ်ရက်လျှင် ၄၆ ခေါက်နှုန်းဖြင့် နံနက် ၅ နာရီခွဲမှ ည ၉ နာရီအထိ ပြေးဆွဲရပြီး လက်ရှိအချိန်တွင်မူ ကိုဗစ်-၁၉ ကြောင့် နံနက် ၅ နာရီခွဲ မှ ည ၇ နာရီအထိ ပြေးဆွဲလျက်ရှိသည်။

"အခေါက်ရေ လျော့ကျသွားပေမယ့် ရန်ကုန်မြို့ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ ပြန်စရင် ခရီးသွားတွေ ပြန်များလာမှာပါ။ ဆောက်လုပ်ရေးလုပ်သားဦးရေ ၁၀၀၀ အထက်က ဒလမြို့နယ်က လာကြတာပါ။ အရင်က တစ်ရက်ကို ခရီးသည် ၃၀၀၀၀ နီးပါး သွားလာကြတာ။ ကိုဗစ်ရောဂါဖြစ်ပြီးတဲ့နောက် ခရီးသွားသူ လျော့ကျသွားတာကြောင့် ခရီးသွား ၅၀၀၀ ဝန်းကျင်ပဲရှိတယ်။ ပြီးခဲ့တဲ့ အပတ်တုန်းကတော့ လူ ၇၀၀၀ အထိ စီးနင်းမှု တိုးလာပါတယ်။ မြစ်ဝကျွန်းပေါ် ဌာနခွဲအနေနဲ့ ခရီးသည်ပို့ဆောင်ရေး ချယ်ရီသင်္ဘောခရီးစဉ်ကို ရုံးဖွင့်ရက်မှာ တစ်ရက် ၃၃ ခေါက်နဲ့ ရုံးပိတ်ရက်မှာ ၂၁ ခေါက် ပြေးဆွဲပါတယ်။ ပြီးတော့ ဝါးတန်း-ဒလ ဇက်ကူးတို့ဆိပ်က ဇက်ရေယာဉ်လည်း ပြေးဆွဲပေးနေပါတယ်။ ခရီးသွားလာမှု တိုးလာတာနဲ့အမျှ ခေါက်ရေတိုးမြှင့် ပြေးဆွဲသွားမှာပါ"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲမှ တာဝန်ခံဦးလှမိုးနိုင်က ပြောကြားသည်။

**ညိမ်းသူ ၊ ဓာတ်ပုံ - ကနူး**










**အမြို့မြို့အနယ်နယ်**

**ပျံ့နှံ့သည့် သတင်းစာ**

**မြန်မာ့အလင်း**

**သတင်းစာတွင်**

**ကြော်ငြာပါ**


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ -၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၀၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၂၀ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၈၀ | ကျပ် | ၁၂၀၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၅၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၇၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၂၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၉ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၁၁၂၀ | ၁၀၀၈၀၁၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၉၀၅၀ | ၃၁၆၇၅၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၅ | ၃၉၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၉၉ | ၁၉၃၀၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၇ | ၁၉၂၅၀ |
| EFR | ၃၀၅၀ | ၃၀၀၀ | ၆၄၃ | ၁၉၄၀၁၅၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် မူးယစ်ဆေးဝါးမှု၊ လူသတ်မှုနှင့် မုဒိမ်းမှု အားထုတ်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၃) ရပ်ကွက် နဝရတ်လမ်း အမှတ် ၂၃၅ လမ်းရှိ နဂါး(ခ)ဉာဏ်ထက်အောင်(ဘ)ဦးခင်ဦး၏ နေအိမ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧပြီ ၁၇ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ဝင်ရောက်ရှာဖွေရာ ဆေးခြောက် ၂၀၀ ဂရမ်ခန့်၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ရှာဖွေတွေ့ရှိဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှုအတွက် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ – ၁၉(က) အရ ၎င်းအား မေ ၁၃ ရက်တွင် “နှစ်အကန့်အသတ်မရှိအလုပ်နှင့်ထောင်ဒဏ်” အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၄၀) ရပ်ကွက် ဦးပုညလမ်းပေါ်၌ ဧပြီ ၉ ရက် ည ၇ နာရီခွဲခန့်တွင် ထိန်လင်း(ခ) စိန်ကုလားသည် အာကာ(ဘ) ဦးသန်းဇော်ဦး၊ ရဝေမင်း(ဘ) ဦးသန်းဇော်ဦးတို့ ညီအစ်ကို နှစ်ဦးနှင့် စကားများရန်ဖြစ်စဉ် ညီဖြစ်သူ ရဝေမင်းက ထိန်လင်း(ခ) စိန်ကုလားကို အသင့်ပါလာသော အရိုးအသွား ၁၅ လက်မခန့်ရှိ ဓားမတစ်ချောင်းဖြင့် ခုတ်ခြင်းနှင့် အာကာက ပုလင်းကွဲဖြင့် ထိုးခဲ့သဖြင့် ထိန်လင်း(ခ) စိန်ကုလားတွင် ဝဲဘက်လည်ပင်းတွင် ထိုးသွင်းပြတ်ရှဒဏ်ရာ နှစ်ချက်ရရှိပြီး လည်ပင်းတွင်ရရှိသော ထိုးသွင်းပြတ်ရှဒဏ်ရာများကြောင့် သွေးထွက်လွန်ကာ သေဆုံးခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ– ၃၀၂(၂) အရ ၎င်းတို့အား မေ ၁၃ ရက်တွင် “အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ် ” စီကို အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၃) ရပ်ကွက် နဝရတ်လမ်းမပေါ်၌ ဧပြီ ၁၇ ရက် ည ၁၁ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကျော်မင်းထွန်း(ခ)ချန်ထူးဝမ် မောင်းနှင်လာသည့် Toyota Belta အမျိုးအစား မော်တော်ယာဉ်အမှတ် YGN– 4F/2773 အား စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြား၊ ဘိန်းဖြူအမှုန့် ၀ ဒသမ ၁ ဂရမ်ခန့်တို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို သုံးစွဲရန်အလို့ငှာ လက်ဝယ်ထားရှိခဲ့သဖြင့် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ– ၁၆ (ဂ) အရ ၎င်းအား မေ ၁၃ ရက်တွင် “အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်” အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်း အသက် မပြည့်သေးသူ အမျိုးသမီးငယ်တစ်ဦးကို ဧပြီ ၈ ရက် ည ၇ နာရီခန့်တွင် အဓမ္မကျူးလွန်ရန် အားထုတ်ခဲ့သည့် လှစိုး(ဘ)ဦးထွန်းရီကို စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ– ၃၇၆(၃)/၅၁၁ အရ ၎င်းအား မေ ၁၃ ရက်တွင် “ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ” အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် အဆောက်အအုံနှင့် စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှုမဆောင်ရွက်နိုင်ရန် တားဆီး နှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် မေ ၁၄

**မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။**




မြောင်မြို့နယ်ရှိ မြို့မရဲစခန်းအား အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်မှု။

ဖြစ်စဉ်မှာ မေ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ မြို့မရဲစခန်းကို အကြမ်းဖက်သူ အင်အားခြောက်ဦးခန့်သည် ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးတစ်လုံး၊ တူမီးသေနတ်ဖြင့် နှစ်ချက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ပြန်လည် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ပစ်ခတ်ခဲ့သည့် လက်လုပ်ဗုံးမှာ ရဲစခန်းခြံစည်းရိုး အုတ်နံရံနှင့် ပေ ၅၀ ခန့်အကွာ လမ်းမပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ကာ ပစ်ခတ်တိုက်ခိုက်မှုအတွင်း လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၂ နာရီတွင် ချင်းပြည်နယ် မင်းတပ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ကို လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူ အင်အား ၄၀ ခန့်ကလည်းကောင်း၊ ညနေ ၃ နာရီ မိနစ် ၄၀ တွင် အင်အား ၁၀၀ ခန့်ကလည်းကောင်း လက်နက်ငယ်များ၊ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများဖြင့် အကြိမ်ကြိမ်လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လိုအပ်သောလုံခြုံရေးအင်အားများ ထပ်မံဖြည့်တင်း၍ အကြမ်းဖက်သောင်းကျန်းသူများအား ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ည ၆ နာရီတွင် အကြမ်းဖက်သောင်းကျန်းသူများမှာ အနောက်ရပ်ကွက် အတွင်းသို့ ပြန်လည် ဆုတ်ခွာသွားခဲ့ပြီး တိုက်ခိုက်မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ ည ၉ နာရီ ၂၅ မိနစ်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့ မြို့မ(၂)ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်ကို လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်ဗုံး သုံးလုံး ပစ်ပေါက်ခဲ့ရာ ဘဏ်ရှေ့ခြံစည်းရိုးအစပ်တွင် လက်လုပ်ဗုံး တစ်လုံး၊ ဘဏ်နှင့် ရှစ်ခန်းတွဲ နှစ်ထပ်မြို့မဈေးအစပ်တွင် လက်လုပ်ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကာ ပေါက်ကွဲခြင်းမရှိသည့် လက်လုပ်ဗုံးတစ်လုံးကို သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။ ထပ်မံ၍ ည ၁၂ နာရီ ၁၀ မိနစ်တွင် လက်လုပ်ဗုံး တစ်လုံး ၊ တူမီးသေနတ် ၁၀ ချက်ခန့်ဖြင့်လည်းကောင်း၊ ၁၂ နာရီ မိနစ် ၂၀ တွင် မြို့မရဲစခန်းအား လက်လုပ်ဗုံးတစ်လုံး၊ တူမီးသေနတ်များဖြင့် လည်းကောင်း၊ မေ ၁၄ ရက် နံနက် ၁ နာရီ မိနစ် ၅၀ တွင် မြန်မာ့စီးပွားရေး ဘဏ်ကို လက်လုပ်ဗုံးတစ်လုံးဖြင့် လည်းကောင်း လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ခုခံပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီး လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုအတွင်း လူနှင့် အဆောက်အအုံများ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ကို အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးလုပ်ငန်းများတိုးမြှင့်ကာ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# ဆောမြို့နယ်၌ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက အကြောင်းမဲ့ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်၍ အမျိုးသားနှစ်ဦးသေဆုံး

နေပြည်တော် မေ ၁၄

**မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ ယနေ့တွင် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက အကြောင်းမဲ့၊ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်၍ အမျိုးသား နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ယနေ့ နံနက် ၅ နာရီတွင် မြိုင်မြို့နယ် သမင်ချောက်ကျေးရွာနေ ဦးအောင်မိုး(၃၈နှစ်)(ဘ)ဦးထွေးရီ၊ မတ္တရာမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးစိုးသူလွင်(ခ)ဂျိုးလေး(၃၁နှစ်) (ဘ) ဦးမောင်လွင်နှင့် မန္တလေးမြို့ တံခွန်တိုင်ရပ်ကွက်နေ ကိုလင်းလင်း (ခ) ပေါက်ကြီး(၃၃နှစ်) (ဘ) ဦးစိုးစိုးတို့ သုံးဦးသည် Toyota Dyna 2B–9634 ယာဉ်ဖြင့် ဂန့်ဂေါမှ မန္တလေးမြို့သို့ ဂန့်ဂေါ–ထီးလင်း–ကျောက်ထု–ပေါက်–ပခုက္ကူ လမ်းကြောင်းအတိုင်း မောင်းနှင်ထွက်ခွာလာစဉ် ဆောမြို့နယ် ကြီးကျေးရွာနှင့် ထီးလင်းမြို့နယ် ရွှေအောင်သာကျေးရွာကြားသို့ နံနက် ၁၀ နာရီခွဲရောက်ရှိစဉ် လက်နက်ငယ်များ၊ တူမီးသေနတ်များ ကိုင်ဆောင်ထားသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အင်အား ၁၀၀ ခန့်က လမ်းကြောင်း ပိတ်ဆို့၍ ၎င်းတို့ မောင်းနှင်လာသည့် ယာဉ်အား ရပ်တန့်စေခဲ့ကြောင်း၊ ထို့နောက် ၎င်းအကြမ်းဖက် သမားများက ယာဉ်ပေါ်တွင် လိုက်ပါလာသူများအား ကားပေါ်မှ ဆင်းခိုင်းပြီး မြေပြင်ပေါ်တွင် ဒူးထောက်ခေါင်းငုံ့စေလျက် သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဦးအောင်မိုးတွင် ရင်အုံနှင့် ယာဘက်ပေါင်တို့တွင် သေနတ် ဒဏ်ရာနှစ်ချက်ဖြင့် လည်းကောင်း၊ ဦးစိုးသူလွင် (ခ) ဂျိုးလေးတွင် နောက်ကျောနှင့် ယာလက်မောင်း ဖောက်ဝင် ဒဏ်ရာနှစ်ချက်ဖြင့် လည်းကောင်း ဒဏ်ရာအသီးသီး ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်းနှင့် ယာဉ်၏ ရှေ့ယာဘက်ဘီးကို တူမီး သေနတ်ဖြင့် ပစ်ဖောက်၍ မွန်းတည့် ၁၂ နာရီခန့်တွင် လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများသည် လမ်းကြောင်းအား ပိတ်ဆို့ထားသည့် နေရာမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လမ်းကိုပိတ်ဆို့တားဆီးကာ အပြစ်မဲ့ပြည်သူများအား လူ့အသက်သေဆုံးစေသည်အထိ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်၍ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ ဖော်ထုတ် ဖမ်းဆီး အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# ပြင်ဦးလွင်မြို့နယ်၌ ယာဉ်မတော်တဆမှု ကယ်ဆယ်ရေးဆောင်ရွက်

နေပြည်တော် မေ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင် – လားရှိုးကားလမ်း မိုင်တိုင်အမှတ် ၅၁/၁ နှင့် ၅၁/၂ ကြား မေ ၁၃ ရက် နံနက်ပိုင်းက မန္တလေးမှ မူဆယ်ဘက်သို့ ယာဉ်မောင်း ဦးမင်းထွေး မောင်းနှင်လာသော HINO အဖြူရောင် ၂၂ ဘီးယာဉ်သည် သံပေါင်များ တင်ဆောင်မောင်းနှင်လာစဉ် အရှိန်လွန်၍ တိမ်းမှောက်မှုဖြစ်ပွားကာ ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း မင်းထွေးတွင် ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ပြီး ယာဉ်နောက်လိုက် သက်ပိုင်စိုးသည် သံပေါင်တန်းများပိမိ၍ သေဆုံးခဲ့သဖြင့် အမှတ်(၁) တပ်မတော်ခုတင်(၇၀၀)ဆေးရုံ ပြင်ဦးလွင်သို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း မင်းထွေးအား ပိတ်ချင်းမြောင်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အောင်မျိုး

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်သီရိမွန် | ကထိက၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ် | မြောင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်ခင်ဝင်းစိန် | ဌာနခွဲစာရေး၊ မြို့နယ်ပညာရေးမှူးရုံး၊ ကောလင်းမြို့ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဦးသီဟဆွေ | ကျောင်းအုပ်၊ အထက-ခွဲ (တောင်ရိုးကွင်း)၊ ကြို့ပင်ကောက်မြို့နယ် | ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်ခင်မေငြိမ်း | အလယ်တန်းပြ၊ အထက(မန်ကတ်)၊ တန့်ယန်းမြို့နယ် | ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ပြည့်ပြည့် | မူလတန်းပြ၊ အမက(ဆင်ဂေါင်း)၊ အုတ်ဖိုမြို့နယ် | အုတ်ဖိုမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်သဇင်နွယ်ငြိမ်း | မူလတန်းပြ၊ အထက(ဝေါအရှေ့)၊ ဝေါမြို့နယ် | ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်စန္ဒာ | ကျောင်းအုပ်၊ အမက(ပန်းပင်ကုန်း)၊ လက်ပံတန်းမြို့နယ် | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်နီလာလှိုင် | အလယ်တန်းပြ၊ အထကခွဲ (နဂါးတွင်း-ပေါက်ပင်)၊ မုံရွာမြို့နယ် | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်နိုင်ကြူ | ဒုတိယအလယ်တန်းပြ၊ အထကခွဲ (နဂါးတွင်း-ပေါက်ပင်)၊ မုံရွာမြို့နယ် | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်ဇင်မာဝင်း | ဒုတိယမူလတန်းပြ၊ အထကခွဲ (နဂါးတွင်း-ပေါက်ပင်)၊ မုံရွာမြို့နယ် | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |




ဒေါ်ခင်ဝင်းစိန်(ဌာနခွဲစာရေး၊ မြို့နယ်ပညာရေးမှူးရုံး၊ ကောလင်းမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။




ဦးသီဟဆွေ(ကျောင်းအုပ်၊ အထက-ခွဲ(တောင်ရိုးကွင်း၊ ကြို့ပင်ကောက်မြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။




ဒေါ်ခင်မေငြိမ်း(အလယ်တန်းပြ၊ အထက(မန်တက်)၊ တန့်ယန်းမြို့နယ် )မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။




ဒေါ်နီလာလှိုင်(အလယ်တန်းပြ)၊ ဒေါ်နိုင်ကြူ(မူလတန်းပြ)၊ ဒေါ်ဇင်မာဝင်း(မူလတန်းပြ)၊ အထကခွဲ(နဂါးတွင်း-ပေါက်ပင်)၊ မုံရွာမြို့ နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ထားဝယ်မြို့နယ်၌ လက်လုပ်မိုင်း ထိမှန်ဒဏ်ရာရရှိထားသူများအား ဆေးရုံသို့ပို့ဆောင်စဉ် ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်ဖြင့် ထပ်မံပစ်ခတ်ခဲ့သည့်အတွက် အမျိုးသား တစ်ဦးသေဆုံး

**နေပြည်တော် မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ လက်လုပ်မိုင်း ထိမှန်ဒဏ်ရာရရှိထားသူများအား ဆေးရုံသို့ပို့ဆောင်စဉ် ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်ဖြင့် ထပ်မံ ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် ည ၁၂ နာရီ ၁၅ မိနစ်တွင် ထားဝယ်မြို့နယ် ကြက်စားပြင်ရပ်ကွက်၌ လက်လုပ်မိုင်း တစ်လုံးပေါက်ကွဲမှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါရပ်ကွက်ရှိ အိမ်အမှတ် (မ/၁၀၇၆)တံခါးဝ၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဦးအင်စိုး(၆၀နှစ်) (ဘ)ဦးဘဝင်း၊ ၎င်း၏သားဖြစ်သူ ပြည့်စုံဖြိုး (၁၃နှစ်)နှင့် တစ်အိမ်ကျော်တွင် နေထိုင်သူ ဦးဖေသန်း(၅၇နှစ်) (ဘ) ဦးတင်ကျင်တို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သည့်အတွက် ဆေးရုံသို့ ပို့ဆောင်ရန် အရေးပေါ်လူနာတင်ယာဉ်ဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရန် ထွက်ခွာလာစဉ် ဒေါင်းငူ တံတားလမ်းနှင့် ကမ်းနားလမ်းဆုံ အရောက်၌ အကျီအနက်ရောင် ဝတ်ဆင်ထားသည့် ဆူပူအကြမ်းဖက်သူ အင်အား ၃၀ ခန့်က လူနာတင်ယာဉ်အား တားဆီးကာ တူမီးသေနတ်များဖြင့် ချိန်ရွယ်ပြီး ကားပေါ်မှ ဆင်းခိုင်းကာ ဒလန်/သူလျှိုများဟု ပြောဆို၍ ၎င်းတို့၏ ဖုန်းများအား သိမ်းဆည်း၍ ဦးဖေသန်းအား တူမီးသေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဝဲရင်အုံဖောက်ဝင်ကာ နောက်ကျောဖောက်ထွက် ဒဏ်ရာ တစ်ချက်ရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်တွင် လက်လုပ်မိုင်းဖောက်ခွဲကာ တူမီးသေနတ်ဖြင့် ပစ်ခတ်၍ လူအသက် သေဆုံးစေသည်အထိ အကြမ်းဖက်တိုက်ခိုက်မှု ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သံတောင်ကြီးမြို့နယ်၌ အကြမ်းဖက်အုပ်စုများက ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူးနှင့် ရပ်/ကျေး စာရေးတို့နှစ်ဦးအား ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်

**နေပြည်တော် မေ ၁၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ အုပ်ချုပ်ရေးယန္တရားနှင့် တရားဥပဒေစိုးမိုးမှု ထိခိုက်ပျက်ပြားစေရန်နှင့် ပြည်သူလူထု များကြားတွင် အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်ကာ အကြမ်းဖက် အုပ်စုများက ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့မှူးနှင့် ရပ်/ကျေးစာရေးတို့ နှစ်ဦးအား ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် နံနက် ၉ နာရီ မိနစ်၂၀ တွင် သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့မှူးဖြစ်သူ ဦးရာဇာဝင်းရွှေ (၄၀နှစ်) (ဘ) ဦးဝင်းရွှေနှင့် ရပ်/ကျေးစာရေးဖြစ်သူ စောစေးဝါး (၅၁နှစ်) (ဘ) ဦးယိုလဲတို့ နှစ်ဦးသည် ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်တွင် ဈေးဝယ်နေစဉ် အကြမ်းဖက်သူများက လက်နက်ငယ်များဖြင့် ပတ်ခတ် ထွက်ပြေးသွားခဲ့ရာ ဦးရာဇာဝင်းရွှေနှင့် စောစေးဝါးတို့ နှစ်ဦးတွင် ယာပါးနှင့် ဝမ်းဗိုက်တို့တွင် ကျည်ထိမှန်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အုပ်ချုပ်ရေး ယန္တရားထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ကာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ရည်ရွယ်ချက်ရှိရှိ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ ထွက်ပြေးသွားခဲ့သည့် လမ်းကြောင်းကို ပိတ်ဆို့ စစ်ဆေးမှုများ ဆောင်ရွက်ကာ စုံစမ်းဖော်ထုတ် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်သူများ စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၄**

မတရားအသင်းကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေး လွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ လုံခြုံရေး နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများ အနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေး သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### စာပေမြင့်မှ လူမျိုးတင့်မည်

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိရေးဆောင်ရွက်လျက်ရှိသည်။




ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် မေ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် အဆိုပါကျေးရွာနေ ဇော်ထက် (၃၃နှစ်) (ဘ) ဦးစံမြင့်ပါ အမျိုးသား သုံးဦးအား လက်လုပ်မိုင်းတစ်လုံးစီနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်အရ ညနေ ၄ နာရီတွင် ကျေးရွာ၏ မြောက်ဘက် ရေဝန်းဘုန်းကြီးကျောင်းဝင်းအတွင်းမှ တူမီးသေနတ် ခြောက်လက်၊ လက်လုပ်သေနတ် လေးလက်၊ Icon စကားပြောစက် သုံးလုံး၊ ကျွဲရိုင်းသံဘူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၀ လုံး၊ ချိန်ကိုက်မိုင်းနှစ်လုံး အပါအဝင် အကြမ်းဖက်မှုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး(က+ဂ) ရပ်ကွက်နေ ဇာနည်ဝင်း(ခ)ဇာနည် (၂၀နှစ်) (ဘ) ဦးအောင်ထွန်း၏ အိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို လည်းကောင်း (**အပေါ်ပုံ**)၊ ည ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကံကွေ့ကျေးရွာနေ မိုးဟိန်းထက် (၃၅နှစ်) (ဘ) ဦးဝင်းရှိန်၏ နေအိမ်အတွင်းမှ ၎င်းအား လက်လုပ် လေသေနတ်တစ်လက်တို့ကို လည်ကောင်း၊ ည ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ရာဇဓိရာဇ် လမ်းသွယ်(၁)နေ စည်သူအောင် (၃၃နှစ်)(ဘ) ဦးကိုကြီးနှင့် ဇော်မျိုးထက် (၂၇နှစ်) (ဘ) ဦးကျင်အုန်းတို့ နှစ်ဦးတို့ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများဖြင့် လည်းကောင်း အသီးသီးတွေ့ရှိ ဖမ်းဆီး ထိန်းသိမ်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိမ်းဆည်းထားရှိသူများနှင့်လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## တောင်ကြီးမြို့နယ် အေးသာယာမြို့၌ အကြမ်းဖက်သူများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်မှုကြောင့် အမျိုးသား နှစ်ဦး ဗုံးစထိမှန် ဒဏ်ရာရရှိ သေဆုံး

**နေပြည်တော် မေ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့၌ အကြမ်းဖက်သူများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်မှုကြောင့် အမျိုးသား နှစ်ဦး ဗုံးစထိမှန် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် အေးသာယာမြို့ရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် အမှတ်(၁၀)ရပ်ကွက် နယ်မြေ (၈၇) အေးသာယာစက်မှုဇုန်ရှိ တောင်ကြီးနည်းပညာတက္ကသိုလ် အနီး လမ်းဘေး၌ ခေတ္တအခြေပြုနေရာ စက်မှုဇုန်ဘက်မှ အေးသာယာမြို့ဘက်သို့ အကြမ်းဖက်သူ အမျိုးသား နှစ်ဦး စီးနင်းလာသော အပြာရောင်ဆိုင်ကယ်တစ်စီးမှ လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက် ထွက်ပြေးခဲ့သည်။ အဆိုပါလက်လုပ်ဗုံးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏အနီး လမ်းမပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ် ဝဲဘက်ခြမ်း တံခါးနှစ်ချပ်နှင့် ကိုယ်ထည်တို့တွင် ဗုံးစထိမှန်ပျက်စီးခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအနီးတွင် ရှိနေသော အမှတ်(၁၀) ရပ်ကွက်နေ ခင်မောင်ကြည် (၃၅နှစ်) (ဘ) ဦးထွန်းလှသူသည် အခင်းဖြစ်နေရာတွင် ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကာ အမှတ်(၁၂) ရပ်ကွက်နေ ကိုထီး(ခ)ကျော်နိုင် (၅၃ နှစ်) (ဘ) ဦးလှငွေးသည် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး အေးသာယာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ဆေးရုံသို့ရောက်ရှိစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သူများအား ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဦးထိန်လင်းအောင် (အထက်တန်းသူနာပြု) | ရခိုင်ချောင် တိုက်နယ်ဆေးရုံ | ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်ဟေမွန်အောင် (သူနာပြု) | ငပုတော ပြည်သူ့ဆေးရုံ | ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်ဆုစန္ဒာဝင်း (သူနာပြု) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်အေးချမ်းဖြိုး (သူနာပြု) | ကောလင်း ပြည်သူ့ဆေးရုံ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ထက်ထက်အောင် (သူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၆ | ဒေါ်ခင်ငွေးမြင့် (သူနာပြု) | လက်ပံတန်း ပြည်သူ့ဆေးရုံ | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်ဝတ်မှုံရွှေစင် (သူနာပြု) | လက်ပံတန်း ပြည်သူ့ဆေးရုံ | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | နန်းဘီစိန် (သူနာပြု) | မြဝတီ ပြည်သူ့ဆေးရုံကြီး | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၉ | ဒေါ်ခင်ဆွေလတ် (အထက်တန်းသူနာပြု) | မော်လမြိုင် ပြည်သူ့ဆေးရုံ | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဒေါ်ခင်နှောင်းရီ (သူနာပြု) | ထန်းတပင် ပြည်သူ့ဆေးရုံ | ငါန်းဇွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများက လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများကို အသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူအုပ်စုများက နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

**ရန်ကုန်တိုင်းဒေသကြီး**

ထိုသို့လုပ်ဆောင်ရာတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် သမဝါယမ တက္ကသိုလ်လမ်းရှိ သာသနာ့ဗိမာန်မြောက်ဘက် ခြံစည်းရိုးဘေး၌ လည်းကောင်း၊ အမှုထမ်းရပ်ကွက်၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့၌ လည်းကောင်း၊ ဘုရားကုန်းကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံးဘေးရှိ မြေကွက်လပ်၌လည်းကောင်း၊ အမှုထမ်းရပ်ကွက် ဘဏ်လမ်းကြား၌ လည်းကောင်း၊ မြို့မမြောက်ရပ်ကွက် မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၏ ခြံစည်းရိုးဘေး ရေမြောင်းအတွင်း၌ လည်းကောင်း၊ တာဝကျေးရွာရှိ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် အရှေ့လမ်းမပေါ်၌ လည်းကောင်း စုစုပေါင်း ၆ နေရာတို့၌ မေ ၁၃ ရက်တွင် ပေါက်ကွဲမှုများ ဖြစ်ပွားကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာများမှ ပေါက်ကွဲထားသည့် PVC ပိုက် အပိုင်းအစများကို တွေ့ရှိသိမ်းဆည်းရရှိခဲ့ပြီး ပေါက်ကွဲမှုများကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။



လှိုင်းဘွဲ့မြို့ ပြည်သူ့ဆေးရုံ၌ လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

**မွန်ပြည်နယ်**

အလားတူ ယင်းနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ရေးမြို့ အောင်သုခရပ်ကွက် အုန်းတောတိုးချဲ့ရပ်ကွက် ၅ လမ်း အမှတ်(၁၂)နေ ဦးအောင်နိုင်ဝင်း(စိစစ်ဆဲ)၏ နေအိမ်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းသည် နေအိမ်ရှေ့ စားပွဲတွင် တစ်ဦးတည်း စာဖတ်နေစဉ် နေအိမ်ရှေ့လမ်းမပေါ်မှ အကြမ်းဖက်သူ အမျိုးသား နှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးမှ လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ခဲ့၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ ဦးအောင်နိုင်ဝင်း၏ ကျောကုန်းတွင် ပေါက်ကွဲစထိမှန် ဒဏ်ရာရရှိခဲ့ပြီး အဆိုပါနေအိမ်ရှေ့ ဖိနပ်ချွတ်အပေါ်ရှိ အလျား ၈ ပေ၊ အနံ ၅ ပေခန့်ရှိ မျက်နှာကြက်တွင် တပ်ဆင်ထားသော အလှမီးဆိုင်း၊ နေအိမ်ရှေ့ ဖိနပ်ချွတ်ယာဘက်ခြမ်း အုတ်နံရံတို့တွင် ပေါက်ကွဲစထိမှန်၍ အနည်းငယ် ပျက်စီးခဲ့ကြောင်း သိရသည်။

**ကရင်ပြည်နယ်**

ထို့အတူ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ (က) ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ ယင်းနေ့ ညပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြို့နယ်ပြည်သူ့ဆေးရုံ၏ မျက်နှာစာရှိ လက်ဆေးကန်အောက်၌ လက်လုပ်ဗုံး တစ်လုံး ပေါက်ကွဲထားသည်ကို တွေ့ရှိရ၍ ပေါက်ကွဲမှုကြောင့် ဆေးရုံမျက်နှာစာရှိ ပြတင်းပေါက်မှန် ၄၈ ချပ်၊ မီးသီး ၇ လုံး၊ မျက်နှာကြက် ၁၀ ခု တို့ ပျက်စီးဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**ကချင်ပြည်နယ်**

အလားတူ ယနေ့နံနက် ၆ နာရီ ၃၅ မိနစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သခင်နက်ဖေလမ်းရှိ ကမ္ဘောဇဘဏ်ခွဲ(၁)အနီး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဘဏ်အနီး ခရေပင်ဘေးရှိ ဓာတ်တိုင်အောက်ခြေမှ လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ပလက်ဖောင်း နှစ်ပေပတ်လည်ခန့်၊ ကမ္ဘောဇဘဏ်ဘေးတွင် တပ်ဆင်ထားသည့် မှန်ငါးချပ်ကွဲအက်ပျက်စီးခဲ့ပြီး အဆိုပါဘဏ်တွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

**ကချင်ပြည်နယ်**

၎င်းအပြင် ယနေ့နံနက် ၁၁ နာရီ ၅ မိနစ်တွင် ကချင်ပြည်နယ် မိုးမောက်မြို့ ခါနမ်ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရုံး အစည်းအဝေးခန်းမ ခေါင်မိုးပေါ်သို့ အမျိုးအစား(စိစစ်ဆဲ)ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အမိုးသွပ်လေးချပ် ပေါက်ပြဲကာ မျက်နှာကြက် ၂၄ ချပ် ပျက်စီးဆုံးရှုံးခဲ့ပြီး အဆိုပါရုံးအတွင်းရှိ ဦးစီးနီပါ အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

**မကွေးတိုင်းဒေသကြီး**

အလားတူ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ကွဲတဲအုပ်စု ရွှေချောင်းရပ်နေ ဦးကျော်နိုင် ပိုင်ဆိုင်သော “ပြည့်ထက်သာ” စတိုးဆိုင်ကို အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ ဆိုင်အတွင်း ကျရောက် ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဆိုင်အတွင်း ဈေးဝယ်နေသည့် မြို့ရှောင်လမ်းနေ ဒေါ်ကြည်ကြည်သိန်း (၄၉နှစ်)(ဘ) ဦးသောင်းရွှေတွင် ဗုံးထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ပခုက္ကူပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မေ ၁၄**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ညောင်ရွှေမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့နှင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ် နေရာအသီးသီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



**နေပြည်တော် မေ ၁၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၁ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် ဆေးတက္ကသိုလ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် ရန်ကုန်တပ်နယ် ကိုယ်စားပြုအသင်းနှင့် မင်္ဂလာဒုံ တပ်နယ်ကိုယ်စားပြုအသင်းတို့၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန် တပ်နယ်ကိုယ်စားပြု အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား အသင်း ခုနစ်သင်း၊ အမျိုးသမီး အသင်း ခုနစ်သင်းတို့ဖြင့် မေ ၁၀ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၄**

ပြည်သူလူထု၏ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုး အကြောရောဂါ၊ အစာအိမ် ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ဆေးကုသရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံ၊ ညောင်ရမ်း တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ် ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့ ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ် ဆေးရုံ၊ တောင်သာမြို့နယ်၊ ဝဲလောင် တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် Tricycle Dump ယာဉ် ၂၀စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၅-၂၀၂၁ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁-၆-၂၀၂၁ ရက် (၁၆:၀၀)နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - စက်ရုံနှင့်မော်တော်ယာဉ်ဌာန နေပြည်တော်စည်ပင် သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ဖုန်း-၀၆၇-၃၄၃၂၀၈၃၊ ၀၆၇-၃၄၃၂၀၃၈ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၁၄၉၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဦး ၁၀/မဒန(နိုင်)၀၃၇၅၁၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ (၃)လမ်း၊ အမှတ် (၁၀၄)A၊ ဒုတိယထပ်၊ (၃)လွှာ၊ အကျယ်အဝန်း ပေ(၁၈x၅၄)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံ စားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ သက်သေအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တိုးတိုးကျော်
(စဉ်-၈၃၈၇) LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
တိုက် ၄၆၊ ဒုတိယထပ်၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၅၁၀၇၀၄၂

### ကျောဖုံးမှ

ဥဇဘက်ကစ္စတန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပ ခွင့်ရထားပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာ ၆ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲတွင် အသင်းပေါင်း ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ နောက်ဆုံးအဆင့်သို့ အသင်း ၁၅ သင်း တက်ရောက်ခွင့်ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ယခင်က အာရှ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲအမည်ဖြင့်ကျင်းပခဲ့သော်လည်း လာမည့်ပြိုင်ပွဲမှစတင်ကာ အာရှဖလား ယူ-၂၃ ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ကျင်းပပြီးစီးသွားသည့် လေးကြိမ်တွင် အီရတ်၊ ဂျပန်၊ ဥဇဘက်ကစ္စတန်နှင့် တောင်ကိုရီးယားအသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားပြီး အရှေ့တောင်အာရှအသင်းများတွင် အမြင့်ဆုံးရပ်တည်မှုအဖြစ် ဗီယက်နမ်အသင်းက ၂၀၁၈ ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမဆုံးကျင်းပသည့် ၂၀၁၄ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း နောက်ပိုင်းကျင်းပသည့် ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၂၀ ပြိုင်ပွဲတို့တွင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။

**ရဲရင့်လွင်**

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၄**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများကို COVID-19 ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၇၄ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ယနေ့အထိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၆၈၅၈ ဦးကို စစ်ဆေးပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဗ္ဗရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဗ္ဗရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုခမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဗ္ဗရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဗ္ဗရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုခမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက် (၆၈)နှစ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဒေါ်အေးအေးသိန်း သည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေး နေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ

---

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေးသိန်း
အသက်(၆၈)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်
ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်
ဝန်ထမ်းမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ဇနီး ဒေါ်အေးအေးသိန်း သည် ၁၃-၅-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကို နှင့် ဇနီး ဒေါ်တင်တင်ညွန့်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက်(၆၈)နှစ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဦးထွန်းထွန်းဦး ၏ဇနီး ဒေါ်အေး အေးသိန်း သည် ၁၃-၅-၂၀၂၂ရက်(ကြာသပတေး နေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဝန်ထမ်းများ

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာဘုံဘဝရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်
တရားလွှတ်တော် တရားသူကြီးများ၊
ကယားပြည်နယ်တရားလွှတ်တော်အတွင်းရှိ တရားရေးအရာရှိများ

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက် (၆၈)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ချစ်လှစွာသောဇနီး ဒေါ်အေး အေးသိန်းသည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေး နေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှသိန်း ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
သတ္တုတွင်းဝန်ကြီးဌာန

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မိတ္ထီလာခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ
မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများ

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက်(၆၈)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်း သည် ၁၃-၅-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အရာထမ်း/အမှုထမ်းများ

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက်(၆၈)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြသိန်း(အဖွဲ့ဝင်၊ ငြိမ်း)-ဒေါ်ရီရီဝင်း
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီးဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ရက်(ကြာသပတေး နေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

အမြဲတမ်းအတွင်းဝန်နှင့်ဝန်ထမ်းများ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက် (၆၈)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေး နေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိ ရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းဌေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည်မိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစောခင်မောင်ဝင်း
ဒုအထွေထွေမန်နေဂျာ
ကမ္ဘာ့ရတနာဘဏ်လီမိတက်
အသက်(၆၄)နှစ်

ကမ္ဘာ့ရတနာဘဏ်လီမိတက်၊ ရန်ကုန်နယ်မြေ (အရှေ့ပိုင်း) နယ်မြေကွပ်ကဲရေးအရာရှိ ဦးစောခင်မောင်ဝင်း (ဒုအထွေထွေမန်နေဂျာ)သည် ၁၄-၅-၂၀၂၂ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

ဦးစောခင်မောင်ဝင်း ကောင်းရာသုဂတိရောက်ရှိပါစေ။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ
အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြင်စိန်
ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)
အသက် (၈၇)နှစ်

ကျောက်ပန်းတောင်းမြို့နယ်၊ မဲထီးရွာနေ (ဦးဘိုးဆင့် - ဒေါ်လှဆွေ) တို့၏သမီး၊ (ဦးဘိုးလှ-ဒေါ်စော)တို့၏ချွေးမ၊ အမှတ် (၄၃၀)၊ ဇေင် (၂) လမ်း၊ ပန်းခြံ (၈)၊ အမှတ် (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ (ဦးရွှေဖျိုင်း) ၏ဇနီး၊ ဒေါ်ခင်နွဲ့ကြည်-ဦးစန်းကျော်သွင်၊ ဗိုလ်မှူးချုပ်ညွန့်တင်(ငြိမ်း)-ဒေါ်တင်တင်ကြည် (ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ)၊ (ဒေါ်ခင်ကြည်ကြည်စိုး)-ဦးထွန်းမြင့်၊ ဦးအောင်သန်းမြင့်၊ ဦးအောင်ဆန်းညွန့် (အမှတ်-၄ သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်မြတ်လင်း၊ ဒေါ်သိင်္ဂီအောင်-ဦးနေမျိုးထွန်း တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ် လေးယောက်တို့၏ အဘွားသည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေးနေ့) ညနေ ၃:၁၀ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၂၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေပြည်သာ ကြူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြင်စိန်
အသက် (၈၇)နှစ်

ကျောက်ပန်းတောင်းမြို့နယ်၊ မဲထီးရွာနေ (ဦးဘိုးဆင့်-ဒေါ်လှဆွေ) တို့၏သမီး၊ (ဦးဘိုးလှ-ဒေါ်စော)တို့၏ချွေးမ၊ အမှတ် (၄၃၀)၊ ဇေင် (၂)လမ်း၊ ပန်းခြံ (၈)၊ အမှတ် (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ (ဦးရွှေဖျိုင်း)၏ဇနီး၊ (အငြိမ်းစားသံအမတ်ကြီး သခင်ချန်ထွန်း-ဒေါ်အမာ)၊ (ဦးသက်ယုံ-ဒေါ်သန်း)၊ (ဦးတင်ဦး)-ဒေါ်တင်စိန်၊ (ဒေါ်စန်းမြိုင် - ဦးတင်မောင်)၊ (ဦးထင်ကျော်-ဒေါ်ခင်သန်းစု)တို့၏ ညီမ၊ ဒေါ်ခင်အေးအေး-(ဦးထင်အောင်၊ ကုန်သွယ်လယ်ယာ-ငြိမ်း)၊ (ဒေါ်တင်လေး-ဦးဘိုလှ)၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်းနေ ဦးမောင်မောင်လှ (ဆောက်လျှပ်၊ နယ်စပ်ကုန်သွယ်ရေး-ငြိမ်း)-ဒေါ်လှဝင်း (အထက -၂၊ လသာ-ငြိမ်း)၊ ဒေါ်စိန်ဌေး-(ဦးကြိုင်)၊ ဒေါ်ထွေး - ဦးအောင်လွင်တို့၏အစ်မကြီးသည် ၁၃-၅-၂၀၂၂ရက် (ကြာသပတေးနေ့) ညနေ ၃:၁၀ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၂၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေပြည်သာ ကြူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
အသက်(၆၈)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်း သည် ၁၃-၅-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တရားလွှတ်တော်ရှေ့နေများကောင်စီ
နေပြည်တော်

---

## ဒေါ်ချိုချိုညွန့်
အသက်(၆၄)နှစ်

မန္တလေးမြို့၊ တမ္ပဝတီ၊ ခတ္တန်းရပ်နေ (ဦးကျော်ညွန့်-ဒေါ်မို) တို့၏သမီး၊ မြစ်သားမြို့နေ (ဦးကြီး-ဒေါ်အေးခင်)တို့၏ချွေးမ၊ မန္တလေးမြို့၊ တမ္ပဝတီ၊ ခတ္တန်းရပ်နေကိုပြည့်ဖြိုးဆွေ၊မရွှေဇင်အောင်၊ ကိုအာကာချစ်ဆွေ တို့၏မိခင်၊ မောင်ပြည့်ပိုင်ထွန်း၊ မောင်ဘုန်းပြည့်အောင်တို့ ၏ အဘွား၊မန္တလေးမြို့၊ တမ္ပဝတီ၊ ခတ္တန်းရပ်နေဒုတိယ ဗိုလ်မှူးကြီး (ငြိမ်း)(ဦးချစ်ဆွေ)၏ဇနီးသည် ၁၃-၅-၂၀၂၂ရက်(ကြာသပတေးနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅ -၅-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၁ ဦး တွေ့ရှိ

## ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၃၀၃၅ ဦးရှိ

(၁၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၂၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၉၉,၅၉၇) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၀၃၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၇၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# သတင်းအမှားဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ လူမှုကွန်ရက်စာမျက်နှာ (Facebook) ၌ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးအနေဖြင့် ရွေးကောက်ပွဲမှတ်ပုံတင်ကြေး (ရွေးကောက်ပွဲ ဝင်ခွင့်အာမခံငွေ) ပေးသွင်းခဲ့သည့် ငွေကျပ် သုံးသိန်းကို ဇွန်လ ၁ ရက်နေ့မှစ၍ ထုတ်ယူနိုင်ပြီဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် မေလ ၁၂ ရက်နေ့ ရက်စွဲဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသကဲ့သို့ သတင်းအမှားအား လွှင့်တင်ထားသည်ကို တွေ့ရှိရပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်နည်းဥပဒေများ ၃၈ အရသာ ဆောင်ရွက်လျက်ရှိပြီး ၎င်းသတင်းထုတ်ပြန်ချက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် ထုတ်ပြန်ချက်မဟုတ်ဘဲ သတင်းအမှားဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




## သိက္ခာမြင့်မြတ်၊ စိတ်ဓာတ်ဖြူစင်၊ တပ်မတော်ဆေးတပ်ဖွဲ့ဂုဏ်အင်

စာ » ၁၀





## အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကို တိုက်ခိုက်မှုများပြုလုပ်မည်

စာ » ၁၂

# ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာလတွင်ပြုလုပ်ရန် အာရှဘောလုံးအဖွဲ့ချုပ် စီစဉ်

**ရန်ကုန် မေ ၁၄**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာလတွင် ပြုလုပ်ရန် စီစဉ်ထားပြီး အသင်းပေါင်း ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် နှစ်ဝက်နောက်ပိုင်းတွင် ကျင်းပမည့် ပြိုင်ပွဲနှင့် ခြေစစ်ပွဲများ၏ လျာထားကျင်းပရက်များကို ထုတ်ပြန်ထားသော်လည်း အာရှနိုင်ငံများ၏ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့် ထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ ပြုလုပ်မည်ဖြစ်သည်။ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၃၁ ရက်အထိ ကျင်းပရန် စီစဉ်ထားပြီး ခြေစစ်ပွဲ ကျင်းပမည့်အပေါ်မူတည်၍ မြန်မာအသင်းအနေဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာယူ-၂၂/ယူ-၂၃ အသင်းသည် ယခုနှစ်တွင် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေရာ ခြေစစ်ပွဲ ကျင်းပဖြစ်ပါက ယင်းအသင်းဖြင့်ပင် ယှဉ်ပြိုင်သွားဖွယ်ရှိနေသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အုပ်စုတစ်ခုချင်းစီအလိုက် အိမ်ရှင်နိုင်ငံများ ရွေးချယ်ကာ ပြုလုပ်သွားမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ကိုမူ

*စာမျက်နှာ ၂၄ ကော်လံ ၁* ❏

# လိုက်ပ်ဇစ်ကို အနိုင်ယူပြီး ပိုကယ်ဖလားကို ငါးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့သည့် ဒေါ့မွန်

ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲအဖြစ် လိုက်ပ်ဇစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ပွဲစဉ်ကို မေ ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပိုကယ်ဖလားကို ငါးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

လိုက်ပ်ဇစ်အသင်း သည် ပိုကယ်ဖလား ဆီမီးဖိုင်နယ်တွင် ဝါဒါဘရီမင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်ခဲ့သည်။ ဒေါ့မွန်အသင်းက အဆိုပါအဆင့်တွင် ဟိုးစတိန်း ကီးလ်အသင်းကို ငါးဂိုးပြတ် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ လိုက်ပ်ဇစ်အသင်းသည် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပိုကယ်ဖလားဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး ဒုတိယနှင့်သာ ကျေနပ်ခဲ့ရသည့် အသင်းဖြစ်သည်။ ထို့ကြောင့် ယနေ့ပွဲစဉ်တွင် လိုက်ပ်ဇစ်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ပိုကယ်ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ရန်အတွက် အားထားရသည့် အူပါမီကာနို၊ ဆာဘစ်ဆာ၊ အိုလ်မိုစသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

ပြိုင်ဘက် ဒေါ့မွန်အသင်းကလည်း ပိုကယ်ဖလားကို ၂၀၁၆-၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ရန်အတွက် အသင်းမှ အားထားရသည့်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

